# ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း

## အတွဲ(၂)၊ အမှတ်(၁၀)၊ ဇွန် ၂၀၁၈

Burma Monitor
Research & Monitoring

ယခုရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေး လေ့လာသူများအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်မှ ဇွန်လ ၂၈ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်း များအား မီဒီယာများမှတဆင့် မှတ်တမ်းတင်ထားသော ရက်အလိုက် ငြိမ်းချမ်းရေးသတင်း စုစည်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ရက်စွဲမှတ်တမ်းပါအချက်များသည် မြန်မာ့အရေးလေ့လာသူများ၏ အမြင်နှင့် အာဘော်မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော မီဒီယာဖော်ပြချက်များအား စုစည်းပေးထားခြင်းသာဖြစ်ပါသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေး ရက်စွဲစဉ်မှတ်တမ်းများအား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးပါရန် အကူအညီ တောင်းခံအပ်ပြီး၊ အကြံပြုချက်များပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

**မြန်မာ့အရေးလေ့လာသူများအဖွဲ့**

## လက်နက်ကိုင်ပဋိပက္ခ

**ကချင်**

- **KIA-TMT**

ဇွန်လ ၁၈ ရက်နေ့တွင် ကချင်ပြည်နယ်အနောက်ဘက် ဖားကန့်လမ်း နန်းယား (Nam Ya) ကျေးရွာအနီးမနော်ပါ (Manaw Pa) လမ်းဆုံတွင် ကချင်လွတ်လပ်ရေး တပ်မတော် (KIA) မှ မြန်မာ့တပ်မတော်ခလရ (၂၉၇) စစ်ကြောင်းကို မိုင်းဖောက်ခွဲတိုက်ခိုက်ခဲ့ သည်ဟု Kachinnewsသတင်းဌာနမှ ဖော်ပြခဲ့သည်။ (KachinNews)

**ရှမ်း**

**SSPP-RCSS**

ဇွန်လ ၁၅ ရက် ညနေပိုင်း ၆ နာရီခွဲတွင် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် ပင့်ဝင့်ရွာ၌ ရှမ်းပြည်ပြန်လည်ထူ ထောင်ရေးပါတီ RCSS နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ SSPPတို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် ပင့်ဝင့်ရွာရှိ ကိုရင်တစ်ပါး ခြေထောက်ထိမှန်ဒဏ်ရာရရှိခဲ့ပြီး ကျေးရွာသားများလည်း လယ်ယာ၊ တောင်ယာများသို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ရသည်။ (Marnagar) (ShanNew)

**မွန်**

ဇွန်လ ၂၃ ရက် နေ့လည်ပိုင်းတွင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် ကနားလိုကျေးရွာအနီးရှိ မွန်ပြည်သစ်ပါတီ စခန်းငယ်တစ်ခုကို မြန်မာ့တပ်မတော် အမှတ် ၂၀၈ တပ်နှင့် ကဒါးကျေးရွာ အခြေစိုက် ကရင်နယ်ခြားစောင့်တပ်ဖွဲ့ BGF တို့ ပူးပေါင်း၍ ဝင်ရောက်ရှင်းလင်းစဉ် မွန်အလံတိုင်အား ခုတ်လှဲ ဖြတ်လိုက်ကြောင်း ဒေသခံများမှ ပြောခဲ့သည်။ **"သူတို့အားလုံးက မြန်မာစစ်တပ်ယူနီဖောင်းနဲ့ဆိုတော့ ဗမာစစ်တပ်သက်သက်ပဲထင်နေတာ၊ ရွာမှာနေတဲ့ ကရင်တွေက သိနေတယ်၊ သူတို့အသိတွေထဲက BGF တွေလည်း ပါလာတယ်လို့ပြောတယ်"** ဟုကနားလိုရွာသားတစ်ဦးမှ ပြောခဲ့သည်။ (MonNew) (Irrawaddy)

**စစ်ဘေးရှောင်**

- ကချင်

ကချင် လွတ်လပ်ရေး တပ်မတော် (KIA) ထိန်းချုပ် နယ်မြေ စစ်ရှောင်စခန်းကို အကူအညီပေး သွားရောက်မှု လုံးဝ မပြုလုပ်ရန် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ သတိပေးချက်ကို ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) မှ လက်မခံ ကန့်ကွက်သွားမည်ဟု ပြောခဲ့သည်။ KBC အထွေထွေအတွင်းရေးမှူးဟောင်း ယခု ဥက္ကဋ္ဌ Rev. Dr. Hkalam Samson က **"ဟုတ်ပါတယ် ခု ကျနော်တို့ ကလည်း စာပြန်ဖို့ လုပ်နေတယ်။ စာပြန်မှာကတော့ ကျွန်တော်တို့က အဲ့မှာရှိတဲ့ KIA တွေကို သွားကူတာ မဟုတ်ကြောင်းပေါ့။ စစ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေရတဲ့ စစ်ရှောင်တွေကို သာ သွားထောက်ပံ့တာ ဖြစ်ကြောင်းပေါ့"** ဟု ကချင်သတင်းဌာန KNG သို့ ပြောခဲ့သည်။ (KIC)

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ ကချင်ပြည်နယ်စစ်ရှောင်များကို ငွေကြေးထောက်ပံ့သည့်အစီစဉ်မှာ စခန်းတွင်းရှိ လူအရေ အတွက်အတိုင်း ထောက်ပံ့နေသည့်အတွက် စစ်ရှောင်ပြည်သူများအားလုံး မရရှိနိုင်ကြောင်း ဂျန်မိုင်ခေါင်းစစ်ရှောင် စခန်းမှ ဒေါ်ဂျာနန်မှ ပြောခဲ့သည်။ **"ကျွန်မတို့လည်း ကလေးတွေကို ပြည့်ပြည့်စုံစုံမကျွေးနိုင်ဘူးပေါ့။ မကျွေးနိုင်ဘူးဆိုတာ ကျွန်မ တို့အပြင်မှာရှာလို့လည်း ပြန်မရ။ နေ့စား ဥပမာ တစ်ပတ်လောက်မှာ တစ်ရက်လောက်သွားလို့ရတဲ့ပိုက်ဆံကိုကျ ဒီကလေးတွေ ကျွန်မတို့လိုမျိုး ကလေးများတဲ့လူဆို ပိုပြီးတော့မှ ဆိုးတာပေါ့"** ဟု ဒေါ်ဂျာနန်မှပြောခဲ့သည်။ (Mizzima)

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့က လူ ၅၀၀ ကျော်ရှိသည့် ဂျော်မဆတ် စစ်ရှောင်စခန်းတွေအတွင်း ရေတွေဝင်ရောက်တာကြောင့် အအေးမိ ဖျားနာတာတွေနှင့် ဝမ်းပျက်ဝမ်းလျှောတာတွေ ဖြစ်နေသည်**ဟု တနိုင်း အောင်လော့ဒ်ကျေးရွာဘက်မှ လာရောက်ခိုလှုံသူ ဒေါ်မျှောင်ကပြော ခဲ့သည်။ (BBC)

**အခြား**

- **World Refugee Day**

ဇွန်လ ၂၀ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့ဇွဲကပင်ခန်းမတွင် ကမ္ဘာ့ဒုက္ခသည်များနေ့အား ကရင်ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR တို့ ပူးပေါင်း၍ ပြုလုပ်ခဲ့သည်။ (MOI) (UNHCR)

## ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း
## အတွဲ(၂)၊ အမှတ်(၁၀)၊ ဇွန် ၂၀၁၈

### လူ့အခွင့်အရေးချိုးဖောက်မှု

ဇွန်လ ၂၈ ရက်နေ့တွင် မြန်မာတပ်မတော် တပ်မ ၈၈ မှ မန်နိမ်အွမ်ရွာ အတွင်း လက်နက်ကြီး ပစ်ခတ်မှုဖြစ်စဉ်တွင် ပြည်သူ ၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာသူများထဲမှ မိုင်းကိုကို အသက် (၈) နှစ် အသာ ဦးညီကျိန် သည် ဒဏ်ရာပြင်းထန်သဖြင့် သေဆုံးခဲ့သည်ဟု TNLA သတင်းဌာနတွင်ဖော်ပြခဲ့သည်။ (TNLA) (Popular) (Marnagar)

### မြေမြှုပ်မိုင်း

**သေဆုံး**

- **ရှမ်း**

ဇွန်လ ၂၀ ရက်နေ့တွင် ရှမ်းပြည်နယ် ကျောက်မဲမြို့နယ် မိုင်းငေါ့မြို့နယ်ခွဲ စိန်စိကျေးရွာသား၂ ဦးဖြစ်သူ ထွန်းနိုင် (၁၆နှစ်) နှင့် ဒေါ်အေးလုံတို့သည် နံနက် ၉ နာရီခွဲအချိန်၌ လွယ်ကလေးကျေးရွာနှင့် ပန်ခါကျေးရွာကြားအရောက်တွင် မိုင်းနင်းမိပြီး သေဆုံးခဲ့သည်။ (Marnagar)

**အခြား**

ဇွန်လ ၁၉ ရက်နေ့ နေ့လည်ပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူစယ်မြို့ ဆိုင်ခေါင်ကျေးရွာ နှင့် စယ်လန့်ကျေးရွာကြားရှိ တံတား အောက်တွင် ဆိုင်ကျော့ပြည်သူ့စစ် နှင့် မြန်မာတပ်မတော် တပ်မ (၈၈) တို့မှ မပေါက်ကွဲသေးသည့် မိုင်း၂လုံးအား ဖြုတ်နေစဉ် အမည်မသိ လက်နက်ကိုင်အဖွဲ့တဖွဲ့မှ ပစ်ခတ်သဖြင့် ဒေသခံလူထု ခရီးသွားများ ယာဉ်ရပ်နားထားရသည်ဟု စယ်လန့် နေ စိုင်းမောဝ်မှ ပြောခဲ့သည်။ (ShanNew) (TaiFreedom) (Military)

ဇွန်လ ၁၉ ရက်နေ့ နံနက် ၇ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သောအဖွဲ့သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူးနှင့် အဖွဲ့ဝင်များကို မလိခရိပ်သာတွင် တွေ့ဆုံ၍ တိုက်ပွဲရှောင်စခန်းများရှိ လိုအပ်သော အချက်အလက်များကို မေးမြန်းခဲ့သည်။ (MOI)

ဝိုင်းမော်မြို့နယ် မိုင်းနား စိန့်ဂျိုးဇက် ကတ်သလစ် RC ၊ Mung Na (မိုင်းနား) စစ်ရှောင်စခန်းတွင် သောက်သုံးရေ နှင့် အိမ်သာ မသန့်ရှင်းမှုများ ကြောင့် စစ်ရှောင်များ ဝမ်းပျက်၊ ဝမ်းလျှော ရောဂါခံစားနေရကြောင်း စခန်းတွဲဖက် တာဝန်ခံ ဒေါ် လဖွမ့် ဇေနော့မှ ပြောခဲ့သည်။ ကတ်သလစ် စစ်ရှောင်စခန်းတွင် လက်ရှိ လူဦးရေ ၁၈၄၀ ဦး ရှိပြီး ယခင်နှစ် မိုးတွင်းကာလ ထက် ယခုနှစ် မိုးတွင်း ဝမ်းပျက်၊ ဝမ်းလျှော ဖြစ်ပွားသူများပြားနေကြောင်းဒေါ် လဖွမ့် ဇေနော့မှပြောခဲ့သည်။ (KachinnNews)

ဇွန်လ ၂၄ ရက်နေ့ နေ့လည် ၁၂ နာရီ ခွဲခန့်တွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ အုတ်ကျင်းကျေးရွာအနီး မိုးကောင်း-ဖားကန့်သွား ကား လမ်းဘေး၌ မိုင်းတစ်လုံးတွေ့ရှိခဲ့သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။ (Military)

## တွေ့ဆုံဆွေးနွေးမှု

**PPST - KNPP**

ဇွန်လ ၁၄ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်မြို့ ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST ကိုယ်စား လှယ်အဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အဖွဲ့တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် တစ်နိုင်ငံလုံး အပစ် အခတ်ရပ်စဲရေး သဘောတူစာချုပ် NCA တွင် ကရင်နီ အမျိုးသား တိုးတက်ရေး ပါတီ KNPP လက်မှတ်ရေးထိုးပြီး ပါဝင်လာရေးအတွက် ဆွေးနွေးခြင်းဖြစ်သည်ဟု ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဒုဥက္ကဋ္ဌ ခွန်မြင့်ထွန်းမှ ပြောခဲ့သည်။ (RFA) (TaiFreedom) (RFA)

## အစည်းအဝေးများ

**အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်**

ဇွန်လ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ လုံခြုံရေးကဏ္ဍဆိုင်ရာ အလွတ်သဘော ဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။ လုံခြုံရေးကဏ္ဍနှင့် ပတ်သက်ပြီး ထည့်သွင်း ဆွေးနွေးစေချင်သည့် နှစ်ဖက်သဘောထားအမြင်များကို ဆွေးနွေးခဲ့သည်ဟု ABSDF ဒုဥက္ကဋ္ဌ ဦးမျိုးဝင်းမှ ပြောခဲ့သည်။ **UPDJC အတွင်းရေးမှူးအဖွဲ့ဝင်တွေလည်း ဒီနေ့ ညနေပိုင်းမှာ အလွတ်သဘောတွေ့ဆုံပြီး တတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပရေးအတွက် နေ့ရက်အတိအကျ သတ်မှတ်နိုင်ဖို့ ညှိနှိုင်းကြ မှာဖြစ်ပါတယ်။ ညီလာခံကျင်းပမယ့် ရက်အတိအကျကိုတော့ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးမှာသာ ဆုံးဖြတ်မှာဖြစ်တယ်လို့** UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေက ပြောခဲ့သည်။ (RFA) (Myanmar Time)

**UPDJC**

- **အတွင်းရေးမှူးအဖွဲ့**

ဇွန်လ ၁၆ ရက်နေ့ ညတွင် ရန်ကုန်မြို့၌ ပြုလုပ်သည့် အစိုးရ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပါဝင်သော UPDJC အတွင်းရေးမှူးအဖွဲ့၏ အလွတ်သဘောအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် ကာကွယ်ရေး ဦးစီးချုပ်အပါအဝင် နိုင်ငံ့ခေါင်းဆောင်များ၏ အားလပ်မှုအပေါ်မူတည်ပြီး ဇူလိုင်လလည်ပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစု ပင်လုံတတိယအစည်းအဝေး ပြုလုပ်ဖြစ်ကြောင်း ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)အတွင်းရေးမှူး စိုင်းကျော်ညွှန့်မှ ပြောခဲ့သည်။ (7Day)

ဇွန်လ ၂၅ ရက်နေ့တွင် နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတွင် UPDJC အတွင်းရေးမှူး အဖွဲ့အစည်း အဝေးကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် တတိယအကြိမ် ၂၁ ရာစုပင်လုံ ညီလာခံကို လာမည့် ဇူလိုင်လ ၁၁ ရက်နေ့တွင် ပြုလုပ်မည်ဟု နိုင်ငံတော်အတိုင်ပင်ခံရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးမှ ပြောခဲ့သည်။ အစည်းအဝေးအပြီးသတင်းစာရှင်းလင်းပွဲတွင် မြောက်ပိုင်း မဟာမိတ် အဖွဲ့ဝင်များဖြစ်သည့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၊ ရခိုင်အဖွဲ့(AA)နှင့် ကိုးကန့်အဖွဲ့ (MNDAA)တို့ကို ပြည်ထောင်စုငြိမ်းချမ်း ရေးညီလာခံ ၂၁ ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးအား တက်ရောက်ရန် ဖိတ်ကြားရေး အစိုးရနှင့် တပ်မတော် ကြားညှိနှိုင်းရဦးမည်ဟု နိုင်ငံတော်အတိုင်ပင်ခံရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးမှ ပြောခဲ့သည်။ (Mizzima) (RFA)

JMC

- **ကရင်**

ဇွန်လ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အတွင်းရှိ အုပ်ချုပ်ရေးမှူးများအတွက် JMC ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲအား နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲ နှစ်ရက်တာ ကာလအတွင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)၊ နှစ်ဖက် လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ (COC) တို့ အပါအဝင် JMC ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းလမ်းညွှန်များကို ဆွေးနွေးခဲ့သည်။ JMC ဆိုင်ရာ အကြောင်းအရာ အနှစ်ချုပ်နှင့် အလုပ်ရုံဆွေးနွေးပွဲ ဆိုင်ရာများကိုရှင်းလင်း ပြောကြားခဲ့သည်။ ဆွေးနွေးပွဲသို့ JMC-S (ကရင်) အဖွဲ့ဝင်များ၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ အုပ်ချုပ်ရေးမှူးများ၊ လေ့လာသူများနှင့် နည်းပညာအထောက်အကူပြု ရုံးဝန်ထမ်းများ စုစုပေါင်း (၈၄) ဦးတက်ရောက်ခဲ့သည်။ (JMC)

ဇွန်လ ၂၁ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၌ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေးကော်မတီ၏ ရပ်ကွက်/ ကျေးရွာများတွင် စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် နှစ်ဖက်လက်ခံသည့် ဒေသခံ အရပ်သားစောင့်ကြည့်သူ (LCM) များ ဖွဲ့စည်းရေး အကြိုညှိနှိုင်း အစည်းအဝေးအား ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ JMC-S (ကရင်) အဖွဲ့ဝင်များ၊ နည်းပညာ အထောက်အကူပြု ရုံး ဝန်ထမ်းများ တက်ရောက်ခဲ့သည်။ (JMC)

ဇွန်လ ၂၂ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၌ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (ကရင်)] အဖွဲ့ဝင်များသည် ကုလသမဂ္ဂ နည်းပညာလိုအပ်ချက် ဆန်းစစ်လေ့လာရေးအဖွဲ့အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ JMC-S (ကရင်) ဒုတိယဥက္ကဋ္ဌ (၁) နှင့် ကော်မတီဝင်များ၊ ကုလသမဂ္ဂ နည်းပညာလိုအပ်ချက် ဆန်းစစ်လေ့လာရေး အဖွဲ့ဝင်များ၊ နည်းပညာ အထောက်အကူပြုရုံး ဝန်ထမ်းများ စုစုပေါင်း (၁၄) ဦး တက်ရောက်ခဲ့သည်။ (JMC)

- **မွန်**

ဇွန်လ ၂၁ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ [JMC-S (မွန်)] အဖွဲ့ဝင်များနှင့် ကုလသမဂ္ဂ နည်းပညာလိုအပ်ချက် ဆန်းစစ်လေ့လာရေးအဖွဲ့တို့တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် JMC-S (မွန်) ကော်မတီဝင်များက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ တိုင်ကြားစာ/ ကန့်ကွက်စာများအပေါ် ဖြေရှင်းပြီးစီးမှု အခြေအနေများ၊ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-L) တိုးချဲ့ ဖွဲ့စည်းရေး စီစဉ်ထားရှိမှုများ၊ ဒေသခံ အရပ်သားစောင့်ကြည့်သူ (LCM) များ ဖွဲ့စည်းမည့် အစီအစဉ်များ၊ JMC-S (မွန်) ၏ လုပ်ငန်းအောင်မြင်မှုများနှင့် အခက်အခဲများဆွေးနွေးခဲ့သည်။ ထို့နောက် ကုလသမဂ္ဂ နည်းပညာလိုအပ်ချက် ဆန်းစစ်လေ့လာရေးအဖွဲ့က JMC ၏ လုပ်ငန်းများတွင် ဘဏ္ဍာရေးနှင့် နည်းပညာ ပံ့ပိုးကူညီမှု အခြေအနေများ၊ လိုအပ်ချက်များကို ဆန်းစစ်လေ့လာပြီးပါက ထပ်မံ ပံ့ပိုးကူညီမည့် အစီအစဉ်များကို ရှင်းလင်း ပြောကြားခဲ့ပါသည်။ တွေ့ဆုံပွဲသို့ JMC-S (မွန်) ကော်မတီဝင်များ၊ ကုလသမဂ္ဂ နည်းပညာလိုအပ်ချက် ဆန်းစစ်လေ့လာရေးအဖွဲ့ဝင်များ၊ နည်း ပညာအထောက်အကူပြုရုံး ဝန်ထမ်းများ စုစုပေါင်း (၁၆) ဦး တက်ရောက်ခဲ့သည်။ (JMC)

### Government

ဇွန်လ ၁၄ ရက်နေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မော်လမြိုင်မြို့ ၌ ပြုလုပ်သော ငြိမ်းချမ်းရေးစကားဝိုင်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ အမှန်တကယ် ငြိမ်းချမ်းရေး လိုချင်ပါက မရနိုင်စရာအကြောင်း မရှိကြောင်း ပြောခဲ့သည်။ **"တကယ်ပဲ အားလုံးကနေ ငြိမ်းချမ်းရေးလိုချင်တယ်ဆိုရင် မရစရာအကြောင်းမရှိဘူး။ ဒါကြောင့် ငြိမ်းချမ်း တဲ့ နည်းနဲ့ ကိုယ့်ရဲ့ သဘောဆန္ဒကို ဖြည့်ဆည်းနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်က အားနည်းနေလို့ မငြိမ်းချမ်းတဲ့နည်းတွေ သုံးတယ်လို့ ဒီလိုပဲ ကျွန်မတို့တွက်ဆရမှာပဲ။ ဒါကြောင့်မို့ ကိုယ်ကငြိမ်းချမ်းတဲ့နည်းနဲ့ ကိုယ်လိုချင်တဲ့အရာတွေကို ရအောင် လုပ်ဖို့အတွက်၊ ကိုယ့်ဆန္ဒတွေကို ဖြည့်ဆည်းဖို့အတွက် အရည်အချင်းတွေကို တိုးပွားအောင် လုပ်ရမယ်။ လူတိုင်း လူတိုင်း လည်းလုပ်ရမယ်။ အစိုးရကလည်း ကူညီရမယ်။"** ဟု ဒေါ်အောင်ဆန်းစုကြည်မှ ပြောခဲ့သည်။ (Mizzima) (ScOffice) (RFA) (7Day)

ဇွန်လ ၁၅ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ ရပ်ကွက်/ကျေးရွာများတွင် စောင့်ကြည့်ရေးလုပ်ငန်းများဆောင်ရွက်မည့် နစ်ဖက်လက်ခံသည့်ဒေသခံ အရပ်သား စောင့်ကြည့်သူ (LCM) များ ဖွဲ့စည်းရေး အကြိုညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ JMC-S (မွန်) အဖွဲ့ဝင်များ၊ နည်းပညာ အထောက်အကူပြု ရုံးဝန်ထမ်းများ တက်ရောက်ခဲ့သည်။ (JMC)

### ANC (အမျိုးသားအဆင့် မူဝါဒရေးရာ နီးနှောဖလှယ်ပွဲ)

ဇွန်လ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန NRPC ၌ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့များ၏ ၂၁ ရာစုပင်လုံ တတိယအစည်းအဝေး အကြိုပြင်ဆင်ရေးအလုပ်ရုံ ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ပြုလုပ်မည့်နေ့ ညှိနှိုင်းနိုင်ရန်နှင့် တခုတည်းသောဖက်ဒရယ်တပ်မတော် ပေါ်ပေါက်ရေး၊ တို့နှင့် ကျန်သည့်အခြား ကဏ္ဍများကိုလည်း ဆွေးနွေးခဲ့ပြီး ဇူလိုင်လ ဒုတိယအပတ်တွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ပြုလုပ်ရန် လျာထားခဲ့သည်။ ဆွေးနွေးပွဲသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲ ကော်မတီအတွင်းရေးမှူးများ ဖြစ်သည့် ဦးခင်ဇော်ဦး၊ ဦးလှမောင်ရွှေ၊ ဦးဇော်ဌေး၊ ဦးအောင်စိုးနှင့် ပူးတွဲကော်မတီဝင်များ၊ အစိုးရ ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ အစိုးရ အစုအဖွဲ့ဝင်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ နှင့်အကျိုးဆောင်များ တက်ရောက်ခဲ့သည်။ (MonNew) (Myanmar Time) (RFA) (Mizzima) (Irrawaddy) (MOI)

## နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

### အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့ အလုပ်ရုံဆွေးနွေးပွဲ

ဇွန်လ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့ထိ နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန NRPC ၌ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့များ၏ ၂၁ ရာစုပင်လုံ တတိယအစည်းအဝေး အကြိုပြင်ဆင်ရေးအလုပ်ရုံ ဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ တတိယ အစည်းအဝေးတွင် တင်ပြနိုင်ရန်အတွက် ကဏ္ဍအလိုက်ရလာဒ်များကို စုစည်းနိုင်ခဲ့ကြောင်း အစိုးရ၏ ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့မှ ဦးဂျင်မီကပြောသည်။ ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးခင်ဇော်ဦး၊ ဦးလှမောင်ရွှေ၊ ဦးဇော်ဌေး၊ ဦးအောင်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း နှင့် ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ အစိုးရအစုအဖွဲ့မှပါဝင်သင့်ပါဝင်ထိုက်သူများ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ နှင့်အကျိုးဆောင်များ တက်ရောက်ကြသည်။ ဆွေးနွေးပွဲအပြီးတွင် သတင်းမီဒီယာများအား UPJDC အတွင်းရေးမှူးအဖွဲ့ဝင် ဦးဇော်ဌေးမှ ငြိမ်းချမ်းရေးညီလာခံတတိယအကြိမ် အစည်းအဝေးအတွင်း ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ပြည်ထောင်စုမှ ခွဲမထွက် ရေးကိစ္စများကို ဆွေးနွေးခြင်းမပြုဘဲ အစည်းအဝေးကျင်းပပြီးစီးပြီး နောက်ပိုင်းမှသာ

တပ်မတော်နှင့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များအကြား ယင်းကိစ္စကို အကျေအလည်ဆွေးနွေးသွားရန် အလွတ်သဘော၊ သဘောတူ ညီခဲ့ကြသည်ဟုပြောခဲ့သည်။ (ScOffice) (MonNew) (MyanmarTime) (Mizzima) (RFA) (VOA) (MOI) (Mizzima)

**အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီ၊ တိုင်းရင်းသားလက်နက်ကိုင်များ**

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘာဝ ပတ်ဝန်းကျင် နှင့် မြေယာ၊ လုံခြုံရေး ကဏ္ဍ စသည့် ခေါင်းစဉ် ၅ ခုကို အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ သက်ဆိုင်ရာ အစုအဖွဲ့အလိုက် ဆွေးနွေးမှုများအား ဇွန်လ ၂၆ ရက်နေ့ ဇွန်လ ၂၈ ရက်နေ့အထိ နေပြည်တော်ရှိ MICC-2 ၌ ပြုလုပ်ခဲ့သည်။ (Irrawaddy) (MOI)

EAOs

- **RCSS**

ဇွန်လ ၂၀ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ရှမ်းပြည်တောင်ပိုင်း လင်းခေးခရိုင် မောက်မယ်မြို့နယ် စဥ့်ဝင်ကျေးရွာအုပ်စု တင်ကုန်း ဘုန်းတော်ကြီးကျောင်း၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးပါတီ RCSS/SSA ၏ နယ်မြေခံ တပ်ရင်းမှ တာဝန်ရှိသူများ နှင့် စဥ့်ဝင် ကျေးရွာအုပ်စုနေ ကျေးလက်ဒေသခံများ တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) နှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ အကြောင်းကို RCSS/SSA မှ တာဝန် ရှိသူများမှ ရှင်းလင်းပြောကြားခဲ့သည်။ တွေ့ဆုံပွဲသို့ ဒေသခံလူထု ၂၂၄ ဦးတက်ရောက်ခဲ့သည်။ (TaiFreedom)

JMC

- **မွန်**

ဇွန်လ ၁၅ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ ရပ်ကွက်/ကျေးရွာများတွင် စောင့်ကြည့်ရေးလုပ်ငန်းများဆောင်ရွက်မည့် နစ်ဖက်လက်ခံသည့်ဒေသခံ အရပ်သား စောင့်ကြည့်သူ (LCM) များ ဖွဲ့စည်းရေး အကြိုညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ JMC-S (မွန်) အဖွဲ့ဝင်များ၊ နည်းပညာ အထောက်အကူပြု ရုံးဝန်ထမ်းများ တက်ရောက်ခဲ့သည်။ (JMC)

- ကရင်

ဇွန်လ ၁၉ ရက်နေ့တွင် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်သို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (ပဲခူး)] အဖွဲ့ဝင်များသည် ဒေသခံ ပြည်သူလူထုနှင့်တွေ့ဆုံခဲ့သည်။ လူထု တွေ့ဆုံပွဲသို့ JMC-S (ပဲခူး) ဥက္ကဋ္ဌ ကိုယ်စား ဘုရင့်နောင် တိုက်ခိုက်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူး ချုပ်သူ ရလှမင်း၊ ဒုတိယဥက္ကဋ္ဌ (၂) စောဒီထူးနှင့် ကော်မတီဝင်များ၊ နစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့မှ နယ်မြေခံ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နည်းပညာ အထောက်အကူပြုရုံး ဝန်ထမ်းများ၊ သံတောင်ကြီးမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံ ပြည်သူများ စုစုပေါင်း (၈၈၀) ဦးခန့် တက်ရောက်ခဲ့သည်။ (JMC)

**NLD**

ဇွန်လ ၂၃ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့ MCC (Myanmar Convention Center) ခန်းမ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ၏ ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာပါတီညီလာခံကို ပြုလုပ်ခဲ့သည်။ ညီလာခံသို့ တိုင်းနှင့်ပြည်နယ်အသီးသီးမှ ပါတီညီလာခံ ကိုယ်စားလှယ် ၁၂၀၀ခန့် တက်ရောက်ခဲ့သည်။ ပါတီညီလာခံတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်ခြောက်ဦး ထပ် မံတိုးချဲ့ဖွဲ့စည်းခဲ့သည်။ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အမျိုး သားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ်၊ မန္တလေးတိုင်း ဒီချုပ်ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦး၊ ၁၉၉၀ ရွေးကောက်ပွဲတွင် အုတ်တွင်းမဲ ဆန္ဒနယ်မှ အနိုင်ရခဲ့သည့် ဒီချုပ်အမတ်ဟောင်း ဦးသိန်းဦးတို့အားထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည်။ (Popular) (7Day) (Mizzima)

## ထုတ်ပြန်ချက်

- **NDF**

နိုင်ငံတော်အစိုးရမှ ရခိုင်ပြည်နယ်အတွက် လွတ်လပ်သည့်စုံစမ်းရေးကော်မရှင်တစ်ရပ်ကို နိုင်ငံတကာမှ ပုဂ္ဂိုလ်ကြီး တစ်ဦး အပါအဝင် အဖွဲ့ဝင်သုံးဦးနှင့် ဖွဲ့စည်းမည်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း ကြေညာချက် တစောင်ကို အမျိုးသား ဒီမိုကရေစီ အင်အားစု NDF ပါတီ ဗဟိုအလုပ် အမှုဆောင် ကော်မတီမှ ၁၄ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ (RFA)

- **EU**

မြန်မာအစိုးရ ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အကြား သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာရေးထိုးခြင်းနှင့်ပတ်သက်ပြီး အရေးပါပြီး လိုအပ်သည့်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်ရန်အတွက် သီးခြားကော်မရှင်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ခြင်းအပြင် မြန်မာအစိုးရ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHRC)တို့အကြား သုံးပွင့်ဆိုင်နားလည်မှု စာချွန်လွှာရေးထိုးခြင်းတို့ကြောင့် နိုင်ငံတော် သမ္မတဦးဝင်းမြင့်၏ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ဥရောပသမဂ္ဂ (EU) မှ ဇွန်လ ၁၉ ရက်တွင် ထုတ်ပြန် တစောင်ထုတ်ပြန်ခဲ့သည်။ အဆိုပါ သဘောတူညီချက်အရ UNHCR ၊ UNDP တို့ကို ရခိုင်ပြည်နယ်တွင်းကို သွားရောက်ခွင့် ပြုမယ့် မူဘောင်တစ်ရပ်လည်း ပါဝင်နေပြီး ကုလအေဂျင်စီများအနေဖြင့် ၎င်းတို့၏ မူလနေရပ်ရင်း ဇရိယာတွေဆီ သွားရောက်ခွင့် ရနိုင်ရန်တို့ပါ ပါရှိသည်။ (Mizzima) (EU)

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာအပေါ် မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များကို အပြည့် အဝ ထောက်ခံကြိုဆိုကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ(EU)ရုံးမှ ဇွန် ၂၀ ရက်တွင် ထုတ်ပြန်ချက်တစောင် ထုတ်ပြန်ခဲ့သည်။ (MyanarTime)

ဇွန်လ ၂၅ ရက်နေ့တွင် Luxembourg နိုင်ငံမှာ ပြုလုပ်သည့် EU ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးတွေ၏ အစည်းအဝေး၌ ရခိုင်ပြည်နယ် အရေးကိစ္စများနှင့်ပတ်သက်ပြီး ကစထမှူးအဖြစ် ဆောင်ရွက်ခဲ့သည့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော အပါအဝင် အနောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုး၊ အမှတ် ၉၉ တပ်မမှူး ဗိုလ်မှူးချုပ်သန်းဦး ၊ အမှတ် ၃၃ တပ်မမှူး ဗိုလ်မှူးချုပ် အောင်အောင်၊ အမှတ် (၁၅) တပ်မမှူး ဗိုလ်ချုပ် ခင်မောင်စိုး၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်သူရစန်းလွင် နှင့် အမှတ် ၈ လုံခြုံရေးရဲတပ်ရင်း တပ်မမှူး ရဲချုပ်သန့်စင် ဦးတို့ကို ဥရောပသမဂ္ဂမှ အရေးယူဒဏ်ခတ်မှုများပြုလုပ်ခဲ့သည်ဟု ကြေငြာချက်တစောင် ထုန်ပြန်ခဲ့သည်။ ကနေဒါနိုင်ငံမှလည်း စစ်ဘက်အရာရှိကြီးများအား စီးပွားရေးအရ အရေးယူပိတ်ဆို့သည့် ကြေညာချက်တစ်စောင်ကို ကနေဒါ နိုင်ငံခြားရေးဝန်ကြီး Chrystia Freelandမှ ကြေငြာခဲ့သည်။ (Mizzima) (Mizzima) (RFA) (BBC) (VOA) (VOA)

**UN**

ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာ ၇၀၀,၀၀၀ ခန့်အား နေအိမ်များမှ ထွက်ပြေးစေခဲ့သည့် အကြမ်းဖက် တိုက်ခိုက်မှုအတွက် တာဝန်ခံမှု ဖြစ်ပေါ် လာစေရန် ယုံကြည်လောက်သည့် အရေးယူဆောင်ရွက်မှုများ လိုအပ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန်သစ်မှ ပြောကြား ကြောင်း ဇွန်လ၂၂ရက်နေ့တွင်ထုတ်ပြန်သော ကုလသမဂ္ဂ၏ကြေညာချက်တွင် ဖော်ပြခဲ့သည်။ (Frontier)

**ရခိုင်အမျိုးသားအဆင့် မူဝါဒရေးရာ နီးနှောဖလှယ်ပွဲ ကြေညာချက်**

ဇွန်လ (၈) ရက်မှ (၁၂) ရက်နေ့အထိ ထိုင်း-မြန်မာနယ်စပ်တွင် ပြုလုပ်ခဲ့သောရခိုင်အမျိုးသားအဆင့် မူဝါဒရေးရာ နီးနှောဖလှယ်ပွဲအပြီး၌ ကြေငြာချက်တစောင်ကို ဇွန်လ၂၂ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သည်။ (TheArakanArmy)

**Military**

၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် ရခိုင်ပြည်နယ်အတွင်း ARSA ဘင်္ဂါလီအကြမ်းဖက်အုပ်စု၏ အကြမ်းဖက်မှုဖြစ်စဉ်များအပေါ် ကွပ်ကဲ ကြပ်မတ်မှု အားနည်းခြင်းအတွက် တပ်မတော်ပိုင်းဆိုင်ရာ အရေးယူမှုဆိုင်ရာထုတ်ပြန်ချက်တစောင် ဇွန်လ ၂၅ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်ယူခဲ့ရသော မောင်မောင်စိုးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ စစ်ဆင်ရေးအထူး အဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇောတို့အား အရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း ဖော်ပြပါရှိသည်။ (MOI) (Military) ((BBC)

**Reuters**

မြန်မာနိုင်ငံ ရခိုင်ပြည်မြောက်ပိုင်းမှ ရိုဟင်ဂျာများကို အစိုးရလုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်နှင်ထုတ်ခဲ့သည့် စွပ်စွဲချက်များနှင့် ပတ် သက်ပြီး ရိုက်တာသတင်းဌာနမှ အထူးအစီရင်ခံစာ တစောင်ကို ဇွန်လ ၂၆ရက်နေ့ နေ့စွဲဖြင့်ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင်  တပ်မ ၃၃ နှင့် တပ်မ ၉၉ တို့မှ စစ်ဆင်ရေးကာလအတွင်း လူ့အခွင့်အရေးချိုးဖေါက်ခဲ့ပုံများကို ဖော်ပြခဲ့သည်။ (RFA)

**UNOCHA**

ကချင်နှင့်ရှမ်းပြည်နယ်တွင် ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများကြောင့် ၂၀၁၇ နှစ်ဆန်းမှ ယခုနှစ် မေလကုန်အထိ ဒေသခံခြောက် သောင်းကျော် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA)မှ ဇွန်လ၂၆ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ (7Day) (UNOCHAMyanmar)

**AI**

ဇွန်လ ၂၇ ရက်နေ့တွင် ရခိုင်ပြည်နယ် ပဋိပက္ခများအတွင်း ဘင်္ဂါလီများကို ဖိနှိပ်ညှဉ်းပန်းမှုများ၌ တာဝန်ရှိကြောင်းစွပ်စွဲမှုဖြင့် မြန်မာ့တပ်မ တော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခြားအရာရှိ ၁၂ ဦးအား အရေးယူပေးရန် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာ ခွင့် အဖွဲ့(AI) မှ တောင်းဆိုခဲ့သည်။ စာမျက်နှာ ၂၀၀ နီးပါး ပါရှိသည့် အစီရင်ခံစာတွင် နိုင်ငံတကာ ရာဇဝတ်ခုံရုံး(ICC)အနေဖြင့် ရခိုင်ပြည်နယ်ပဋိပက္ခနှင့် ပတ်သက်၍ ထဲထဲဝင်ဝင် စစ်ဆေးစုံ စမ်းမှု၊ အရေးယူမှုပြုလုပ်ပေးရန်လည်း ထည့်သွင်းတောင်းဆိုခဲ့သည်။(BBC) (7Day) (RFA) (BBC) (Mizzima) (IrrawaddyEng) (AI Report) (Frontier)

## ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း
## အတွဲ(၂)၊ အမှတ်(၁၀)၊ ဇွန် ၂၀၁၈

### သဘောထားမှတ်ချက်

**ဦးစောသန်းမြင့်**

ဇွန်လ ၁၄ ရက်နေ့တွင် နေပြည်တော်ရှိ ရွေးကောက်ပွဲကော်မရှင်ရုံး၌ နိုင်ငံရေးပါတီ ၇၀ ခန့်မှ ခေါင်းဆောင်များနှင့် ကော်မရှင် တာဝန်ရှိသူများ တွေ့ဆုံခဲ့ရာတွင် နိုင်ငံရေးပါတီအချို့ မှ ရာသီဥတုအခြေအနေကြောင့် မဲဆွယ်စည်းရုံးရန် အခက်အခဲ ရှိနိုင်သည့်အတွက် လာမည့်နိုဝင်ဘာလ ၃ရက်နေ့ တွင် မဲဆန္ဒနယ် ၁၃ ခုအတွက် ပြုလုပ်မည့် ၂၀၁၈ခုနှစ် လစ်လပ် ကြားဖြတ်ရွေးကောက်ပွဲကို နောက်ဆုတ် ပေးရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြခဲ့သည်ဟု ဖက်ဒရယ်ပြည်ထောင်စုပါတီ ဥက္ကဋ္ဌ ဦးစောသန်းမြင့်မှ ပြောခဲ့သည်။ (RFA)

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်**

ဇွန် ၁၅ ရက်တွင် ပြုလုပ်သည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများပြု လုပ်ခဲ့သည့် ARSA အဖွဲ့သည် နိုင်ငံတကာကို လူ့အခွင့်အရေးမျက်နှာဖုံး တပ်ပေးနိုင်သည်အထိ အောင်မြင်နေကြောင်း တပ်မတော်သား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတိုးလွင်မှ ပြောခဲ့သည်။ (MyanmarTime)

**ALP**

ပြည်ထောင်စု ငြိမ်းချမ်း ရေးညီလာခံ-၂၁ ရာစုပင်လုံ တတိယ အစည်းအဝေး ပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ NCA-S EAOs ဘက်မှ အဆင်သင့်မဖြစ်သေးသည့်အတွက် ဇူလိုင်လ ၁၀ ရက်နေ့တွင် ပြုလုပ်ရန် အစိုးရနှင့် ထပ်မံတွေ့ဆုံ ညှိနှိုင်းမည်ဟု ရခိုင်လွတ်မြောက်ရေးပါတီ ALP ဒုဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်မှ ပြောခဲ့သည်။ (MonNew)

ငြိမ်းချမ်းရေး ဖြစ်စဉ်တွင်ပါဝင်နေသည့် ရခိုင်လက်နက်ကိုင်အဖွဲ့များ၊ ရခိုင်နိုင်ငံရေးပါတီများအကြား မူဝါဒရေးရာနှင့် ဘုံသ ဘောထား ရပ်တည်ချက်များရယူနိုင်ရေး ကြိုးစားနေကြောင်း ရခိုင်ပြည်နယ်အမျိုးသားကောင်စီ (ANC) အထွေထွေအတွင်း ရေးမှူး ဦးထွန်းဇော်မှ ပြောသည်။ မူဝါဒရေးရာနှင့် ဘုံသဘောထားများ တူညီမှသာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းအရဖြစ်စေ (သို့မဟုတ်) NCA ကိုအခြေမခံသည့် လမ်းကြောင်းအရဖြစ်စေ ဆွေးနွေး ညှိနှိုင်းရာ၌ အဆင်ပြေမည်ဟု ဦးထွန်းဇော်မှ ပြောခဲ့သည်။ (7Day)

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသည့် ရခိုင်လက်နက်ကိုင်အဖွဲ့များ၊ ရခိုင်နိုင်ငံရေးပါတီများအကြား မူဝါဒရေးရာနှင့် ဘုံ သဘောထား ရပ်တည်ချက်များ ရယူနိုင်ရေး ကြိုးစားနေကြောင်း ရခိုင်ပြည်နယ်အမျိုးသားကောင်စီ (ANC) အထွေထွေ အတွင်းရေးမှူး ဦးထွန်းဇော်မှ ပြောခဲ့သည်။ **"တိုင်းပြည်ပြန်လည်တည် ဆောက်ရေး အခြေခံအားဖြင့် တော့ဖွဲ့စည်းပုံ အခြေခံ ဥပဒေပြု ပြင်ပြောင်းလဲရေးပေ့ါဗျာ။ အဲဒီ လမ်းကြောင်းပေါ်ကိုရောက်လာ ဖို့အတွက် ဆိုရင်မူဝါဒရေးရာအ ရ လုပ်နေ ကြတဲ့ အဓိကကျတဲ့အဖွဲ့အစည်းတွေထဲမှာ မူဝါဒရေးရာ အရ ဘုံရပ်တည်ချက်သဘော ထားတွေတူနိုင်သမျှ တူအောင်စုစည်းထား ဖို့လိုတယ်"** ဟု ဦးထွန်းဇော်မှပြောခဲ့သည်။ (ArakanArmy) (7Day)

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြစ်ဆုံဒေသ တန်ဖရဲရွာတွင် ခိုလှုံနေသည့် စစ်ဘေးရှောင်ဒုက္ခသည် ကလေးငယ် ၅၀၀ ခန့် အတွက် ပညာဆက်လက် သင်ကြားနိုင်ရန် နေရာအခက်အခဲ ဖြစ်နေသည်ဟု အင်ဂျန်းယန်မြို့နယ် ပြည်နယ် လွှတ်တော် အမတ် ဒေါ်ဂျာဆိုင်းခေါန်မှ ပြောခဲ့သည်။ **"တန်ဖရဲမှာတော့ ကလေးက ငါးရာကျော်ရှိတယ်။ အဲဒါကြောင့် ဘာသာရေး အဖွဲ့အစည်းတွေကလည်း သူတို့အစီအစဉ်နဲ့ သူတို့ ပလန ကျောင်းမှာ စင်တာ တခု ဆောက်နေ တယ်။ အဲဒီမှာ ဆောက်နေတာ ပြီးသွားရင် တချို့ကလေးတွေကို ပလန ကျောင်းကို ခေါ်မယ် လို့ ပြောတယ်"** ဟု ဇွန်လ ၁၈ ရက်နေ့တွင် ပြောခဲ့သည်။ (Irrawaddy)

- **Pop Fransis**

ကမ္ဘာတဝှမ်း သတင်းမီဒီယာ လွတ်လပ်ခွင့်ပိုမိုရရှိရန် ပုပ်ရဟန်းမင်းကြီးဖရန့်စစ်နှင့် ရိုက်တာသတင်းဌာနတို့ တွေ့ဆုံရာတွင် နိုင်ငံတော် လျှို့ဝှက်ချက် အက်ဥပဒေနှင့် ဖမ်းဆီးတရားစွဲဆိုခံနေရသည့် ရိုက်တာသတင်းထောက် နှစ်ဦး၏အမှုကို ထည့်သွင်း ပြောခဲ့ကြောင်း ရိုက်တာ သတင်းဌာနမှ ဇွန်လ ၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ (RFA) (Reuters)

- **Reuters သတင်းထောက်ရုံးချိန်း**

ဇွန်လ ၁၈ ရက်၊ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးတွင်နိုင်ငံတော် လျှို့ဝှက်ချက်များဥပဒေဖြင့် ဖမ်းဆီးတရားစွဲတင်စစ်ဆေးနေသည့် ရိုက်တာ သတင်းထောက်နှစ်ဦးအား ၂၇ ကြိမ်မြောက် ရုံးထုတ်စစ်ဆေးခဲ့သည်။ ရုံးထုတ်တွင် ရိုက်တာသတင်းထောက် ကိုဝလုံးမှ မိမိတို့နှစ်ဦးမှာ ရခိုင်ပြည်နယ်အရေးကိစ္စအား သတင်းလိုက်ခဲ့သည့်အတွက် တရားစွဲခံနေရသည့်အကြောင်းကို နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်အား သိစေချင်သည်ဟု ပြောခဲ့သည်။ (Mizzima)

- **NSCN-K**

နာဂ အမျိုးသား ဆိုရှယ်လစ် ကောင်စီ-ကပ်ပလန် (NSCN-K) သည် မြန်မာ-အိန္ဒိယ ၂ နိုင်ငံရှိ နာဂများ စုစည်း၍ နာဂပြည် ထောင်စု ထူထောင်ရေး ရည်မှန်းချက်ကြောင့် ခွဲထွက်ရေးကို လက်မခံနိုင်ကြောင်း နိုင်ငံတော် အတိုင်ပင်ခံရုံး ညွှန်ကြား ရေးမှူးချုပ် ဦးဇော်ဌေး မှ ပြောခဲ့သည်။ NSCN-K ၏ ဗဟိုကော်မတီဝင် ဦးကျော်ဝမ်းစိန်မှ "အဲဒါကတော့ ကျနော့်အနေနဲ့ ပြောလို့မရဘူး။ NCSN-K ဥက္ကဋ္ဌ ရုံးကပဲ ပြောလို့ ရမယ်။" ဟုပြောခဲ့သည်။ (Irrawaddy)

တတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံကို တက်ရောက်ရန် နာဂအမျိုးသား ဆိုရှယ်လစ် ကောင်စီ-ကပ်ပလန် (NSCN-K) ကို အစိုးရမှ ဖိတ်ကြားလာလျှင် တက်ရောက်သွားမည်ဟု NSCN-K ဗဟိုကော်မတီဝင် ဦးကျော်ဝမ်းစိန်မှ ပြောခဲ့သည်။ ဦးကျော်ဝမ်းစိန်က **"ဟုတ်ကဲ့ အဲဒါ ကျနော်တို့ ပြောသလိုပဲပေါ့လေ။ ကျနော်တို့ NSCN ကို ဖိတ်မယ်ဆိုရင် ကျနော် တို့ ဒါကို တက်ဖို့တော့ အစီအစဉ် ရှိပါတယ်။ ကျနော်တို့ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကော်မတီဥက္ကဋ္ဌက ဦးဆောင်ပြီး တော့ တက်ဖို့ ရှိတယ်"**ဟု ပြောခဲ့သည်။ (Irrawaddy)

- **Zaw Htay**

တတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံတွင် နာဂရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများအား လေ့လာသူအဖြစ်တက်ရောက်ရန်အတွက် UPDJC အဖွဲ့က ရွေးချယ်ကာ လေ့လာခွင့်ပေးခဲ့သည်ဟု ဦးဇော်ဌေးမှ ပြောခဲ့သည်။ (Irrawaddy)

နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC)မှ ရိုဟင်ဂျာ ဂုသိန်းကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မောင်းထုတ်သည်ဟူသော စွပ်စွဲချက်အပေါ် ပြန် လည် ချေပနိုင်သည့် အစီရင်ခံစာကို ဇူလိုင်လ ၂၇ ရက်နေ့ နောက်ဆုံးထားတင်သွင်းရန် မြန်မာအစိုးရသို့ ကမ်းလှမ်းထားသော်လည်း ပြန် လည် ဖြေရှင်းရန် အကြောင်းမရှိဟု နေပြည်တော်ရှိသမ္မတရုံးညွှန်ချုပ် ဦးဇော်ဌေးမှ ပြောခဲ့သည်။ **"ICC သည် မြန်မာနိုင်ငံနဲ့ လုံးဝ**

**ပတ်သက်ဆက်စပ်ခြင်း မရှိဘူး။ ICC ပရိစီကျူတာက မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး စွဲချက်တွေ မည်သို့ပင် တင်စေကာမူ မြန်မာအနေဖြင့်လည်း ဖြေရှင်းရန် အကြောင်း မရှိဘူး"**ဟု ဦးဇော်ဌေးမှပြောခဲ့သည်။ (BBC) (Irrawaddy) (VOA)

ဇွန်လ ပထမပတ်တွင် သမ္မတအိမ်တော်တွင် ပြုလုပ်သည့် နိုင်ငံ့ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် အာဏာသိမ်းရန် ပြောကြားခဲ့ခြင်းမရှိကြောင်း သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးမှပြော ခဲ့သည်။ သမ္မတဦးဝင်းမြင့်၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အစိုးရခေါင်းဆောင်များ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် တပ်မတော်ခေါင်းဆောင်များ စုစုပေါင်း ၁၃ဦး တက်ရောက်ခဲ့သည့် ယင်းအစည်းအဝေးတွင် တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အာဏာသိမ်းရန် ပြောကြားခဲ့သည်ဟု ဘန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားသော ဆောင်းပါးရှင် လယ်ရီဂျာကင်၏ ရေးသားချက်အပေါ် သမ္မတရုံးမှ တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။ (Mizzima) (Frontier) (BBC) (RFA) (VOA)

**Daw Aung San Su Kyi**

ဇွန်လ ၁၉ ရက်နေ့တွင် ကျရောက်သော ဒေါ်အောင်ဆန်းစုကြည်၏ ၇၃နှစ် ပြည့်မွေးနေ့ပွဲတွင် ရွေးကောက်ပွဲ အနိုင်ရရေးအတွက် မလိုက်လျောသင့်တာ လိုက်လျောမိ၍ နိုင်ငံကိုထိခိုက်ပါက နိုင်ငံအပေါ်တာဝန်မကျေရာရောက် ဟု လွှတ်တော်ကိုယ်စားလှယ်များအား ဒေါ်အောင်ဆန်းကြည်မှ ပြောခဲ့သည်။ (MyanmarTime)

**TNLA**

ဇွန်လ ၁၉ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် - ၇၃ နှစ်ပြည့် မွေးနေ့ အမှတ်တရအဖြစ် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ  အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးချုပ် တားဘုန်းကျော်မှ "တိုင်းရင်းသားဒေသတွေမှာ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ထု လိုက်တည်နေတာထက် တကယ်စစ်ဘေးဒဏ်သင့်နေတဲ့တိုင်းရင်းသားအပူတွေကို ငြိမ်းသတ်ပေးပါ။ တကယ် ပြည်ထောင်စုစစ်စစ် တည်ဆောက်ရေးကို တိုင်းရင်းသားတွေနဲ့အတူ သတ္တိရှိရှိအလုပ်လုပ်ပါ။ ဒါဆိုရင် ဗိုလ်ချုပ်အောင်ဆန်း ပါမက ဒေါ်အောင်ဆန်းစုကြည် ကိုလည်း တိုင်းရင်းသားအားလုံးက မေ့လို့ရမှာမဟုတ်ဘူး။ အဲဒီလို လက်တွေ့ကျတဲ့ ထာဝရရုပ်ထုလိုမျိုး တိုင်းရင်းသားတွေရင်ထဲကို စိုက်ထူပါလို့ မွေးနေ့လက်ဆောင် ပါးလိုက်ပါတယ်" ပြောခဲ့သည်။ (TNLA)

**Kachin Government**

ဇွန်လ ၂၀ ရက်နေ့တွင် ပြုလုပ်သည့် ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ဒုတိယ (၁) နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများနှင့် ပတ်သက်၍ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ အခမ်းအနားတွင် ပြည်တွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပြည်ထောင်စု အစိုးရမှ ညွှန်ကြားထားခြင်းမရှိသေးသည့်အတွက် ကချင်ပြည်နယ် အစိုးရအနေဖြင့်ပါဝင်ခြင်း မရှိသေးကြောင်း ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်မှ ပြောခဲ့သည်။ (Kachinwave)

**ကချင်လုံ့နယ်ဝန်ကြီး**

ဇွန်လ ၂၀ ရက်နေ့တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ထိန်းချုပ်နယ် မြေအတွင်းမှာရှိသည့် စစ်ဘေးဒုက္ခသည်စခန်းများကို ဘာသာရေးနှင့် လူမှုရေး အဖွဲ့များ ပြည်နယ်အစိုးရကို မတင်ပြဘဲ သွား ရောက်မည်ဆိုလျှင် မတရားအသင်း ဆက်သွယ်မှု အက်ဥပဒေနှင့်အညီ အရေးယူခံရမည်ဟု ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်မှ ပြောခဲ့သည်။ (RFA)

**ဦးလှစော**

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံ တတိ အစည်းအဝေး အကြိုပြင်ဆင်ရေး အတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့များ၏ ဆွေးနွေးပွဲကို ဇွန်လ ၁၉ ရက်နေ့မှ စတင်ပြီ ၃ ရက်ကြာ နေပြည်တော်တွင် ကျင်းပနေရာ ဆွေးနွေးပွဲသို့ လွှတ်တော်တွင် တတိယ အင်အားအကြီးဆုံး ဖြစ်သည့် ရခိုင်အမျိုးသားပါတီ၏ လွှတ်တော်ကိုယ်စားလှယ် တစ်ဦး တစ်ယောက်မှ အစည်းအဝေးသို့ မဖိတ်ကြားခြင်း အပေါ် အံ့သြသင့်မိကြောင်း မြောက်ဦးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှစောမှ ပြောခဲ့သည်။ (Narinjara)

- **KNPP**

ကရင်နီ အမျိုးသားတိုးတက်ရေး ပါတီ (KNPP) အနေနှင့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး NCA စာချုပ်မှာ လက် မှတ်ထိုးရန် ကိစ္စမှာ အစိုးရဘက်မှ အစီအမံနှင့်အခင်းအကျင်း လိုအပ်ချက်တွေ ရှိနေတယ်လို့ KNPP ဒုဥက္ကဌ ခူးဦးရယ်မှ ပြောသည်။ " ဒီစာချုပ်နဲ့ ပတ်သတ်ပြီး KNPP ခေါင်းဆောင်တွေအကြား သဘောတူညီမှုရဖို့၊ ဒေသတွင်း နိုင်ငံရေးလှုပ်ရှားခွင့်ရမှုနဲ့ KNPP တပ်သားတွေ လွိုင်ကော်မှာ ပြီးခဲ့တဲ့ ဒီဇင်ဘာလက အသတ်ခံရမှုကို တပ်မတော်ဘက်က အရေးယူမှုတွေအပေါ်မှာ မူတည်တယ်။" လို့ ပါတီအထွေထွေအတွင်းရေးမှူး ဦးရွှေမျိုးသန့်မှ ပြောခဲ့သည်။ (BBC)

ဇွန်လ ၂၁ ရက်နေ့တွင် ကျရောက်သည့် ကရင်နီ အမျိုးသားနေ့ အခမ်းအနားတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP ဥက္ကဌ အေဘယ်တို့ မှ တော်လှန်ရေးကာလ မပြီးဆုံးသေးတာကြောင့် အမျိုးသားစိတ်ဓါတ် ခိုင်ခိုင်မာမာရှိရန် လိုကြောင်းပြောခဲ့သည်။ **"အထူးသဖြင့် ကနေ့ အချိန် အခါက ကျနော်တို့မှာဆိုလို့ရှိရင် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲလည်း အလုပ်မဖြစ်သေးပါဘူး၊ ကျနော်တို့ဟာ တော်လှန်ရေး ကာလ၊ နိုင်ငံရေး တိုက်ပွဲဝင်ပဲဖြစ်တယ်ဆိုတော့ ကျနော်တို့ ရည်မှန်းချက် ပန်းတိုင် ရောက်ရှိနိုင်ရေးဆိုတာ ကျနော့်အနေနဲ့ အထူးအထွေပြောချင်တာက အမျိုးသား စိတ်ဓါတ် ခိုင်ခိုင်မာမာ ရှိကြပါလို့ ကျနော် ဒီကိစ္စကို ပြောချင်ပါတယ်။"** ဟုဥက္ကဌ အေဘယ်တို့မှ ပြောခဲ့သည်။ (NMG)

တတိယ အကြိမ်၂၁ ရာစု ပင်လုံညီလာခံကို အစိုးရဘက်မှ လေ့လာသူအဖြစ်သာ ဖိတ်ကြားမည်ဆိုပါက တက်ရောက်ရန် အစီအစဉ်မရှိဟု ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ (KNPP) ၏ ပြောခွင့်ရပုဂ္ဂိုလ် လွိုင်ကော်ဆက်ဆံရေးရုံး တာဝန်ခံခူဒေးရယ်မှ ပြောခဲ့သည်။ **"ဖိတ်မယ်တော့ ပြောတယ်။ တရားဝင်ပေါ့။ ဒါပေမယ့် သူဖိတ်တဲ့ အပေါ် မူတည်တာပေါ့။ ဥပမာ-လေ့လာ သူလား၊ ပြောရေးဆိုခွင့် မရှိဘူးလား။ အဲဒီလို ဆိုရင်တော့ တက်ဖို့တော့ သိပ်အစီအစဉ် မရှိဘူး။ ဒါပေမယ့် ပြောရေး ဆိုခွင့်ရှိတယ်။ တခြား လက်မှတ်ထိုးပြီးသား အဖွဲ့တွေမျိုး အလားတူ ဆွေးနွေးလို့ ရတယ်ဆိုရင် အခြေအနေက တမျိုး ဖြစ်လာနိုင်တယ်"**ဟု ခူဒေးရယ်မှ ပြောခဲ့သည်။ (Irrawaddy)

**Christine Schraner Burgner**

ကုလအတွင်းရေးမှူးချုပ် အထူးကိုယ်စားလှယ် Christine Schraner Burgenerမှ မြန်မာနိုင်ငံမှာ ပြန်လည်သင့်မြတ်ရေးနှင့် တာဝန်ခံမှုများရှိရန် ယုံကြည်စိတ်ချနိုင်မယ့် စုံစမ်းစစ်ဆေးမှုများ လိုအပ်နေကြောင်း တိုက်တွန်းခဲ့ပြီး၊ ပထမဆုံးအကြိမ် မြန်မာနိုင်ငံ ခရီးစဉ်အတွင်း ရခိုင်ပြည်နယ်မှ မတည်မငြိမ် အခြေအနေတွေ၊ တိုင်းရင်းသား လက်နက် ကိုင်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်လို့ သက်ဆိုင်သူများ၏ ပြောဆိုချက်များကို အဓိက နားထောင်ခဲ့ကြောင်းလည်း ဇွန်လ၂၁ ရက်နေ့တွင် ထုတ်ပြန်လိုက်သည့် ကြေညာချက်တွင် ဖော်ပြခဲ့သည်။ (VOA) (BBC) (PressTV)

**စိုင်းညွန့်လွင်**

ဇွန်လ ၂၂ ရက်နေ့တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(SNLD) ပါတီ ဥက္ကဋ္ဌ ခွန်ထွန်းဦး နုတ်ထွက်စာတင်ထားသည့်ကိစ္စနှင့် ပတ်သက်ပြီး မှတ်ချက်တစ်စုံတရာပေးရန်မရှိသေးဟု SNLD ပါတီအတွင်းရေးမှူး စိုင်းညွန့်လွင်မှပြောခဲ့သည်။ **"အဲ့ဒါတော့ အတည်ပြုလို့မရ သေးပါဘူး။ စာကလည်း ပါတီကိုမရောက်လာသေးဘူး။ အဲ့တော့ ဘာမှ အတည်ပြုလို့ မရသေးပါဘူး"** ဟု စိုင်းညွန့်လွင်မှပြောခဲ့သည်။ (Mizzima) (Irrawaddy) (BBC) (RFA)

**MNSP**

မွန်ပြည်သစ်ပါတီအတွက် ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းစသည့်ဒေသများတွင် မွန်ပြည်သစ်ပါတီ ပူးတွဲပါဝင်သည့် ပြည်နယ်အဆင့် ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ ရုံးခွဲများ ဖွင့်ခွင့်ရရန်အတွက် တင်ပြခဲ့ရာ စစ်တပ်ဘက်မှ ပယ်ချခဲ့သည်ဟု မွန်ပြည် သစ်ပါတီမှ ပြောခဲ့သည်။ ကရင်နှင့် တနင်္သာရီတိုင်းမှာ မွန်ပြည်သစ်ပါဝင်သည့် ဂျေအမ်စီရုံးများကို ခွင့်မပြုထားသော်လည်း မွန်ပြည်နယ်တွင် မွန်ပြည်သစ်ပါတီအနေနှင့် ပြည်နယ်အလိုက် ဂျေအမ်စီရုံးဖွင့်ရန် ခွင့်ပြုထားသည်ဟု ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်မှ ပြောခဲ့သည်။ (BBC)

**ဇော်မြင့်မောင်**

ဇွန်လ ၂၄ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံလုံးဆိုင်ရာပါတီညီလာခံအပြီး သတင်းစာရှင်းလင်းပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေး ကတိကဝတ်ကို အကောင်အထည်ဖော်ရန် ဆက်လက်ကြိုးပမ်းနေဆဲဖြစ်ကြောင်း ပါတီဒုတိယဥက္ကဋ္ဌ (၂) ဖြစ်သူ မန္တလေး တိုင်းဝန်ကြီးချုပ် ဒေါက်ဇော်မြင့်မောင်မှ ပြောခဲ့သည်။ (Irrawaddy) (Frontier)

**ကယား ဝန်ကြီးချုပ်**

ဇွန်လ ၂၄ ရက်နေ့ ညနေပိုင်းတွင် ကယားပြည်နယ်အတွင်းရှိ ဒေသတချို့ကို ခြေကုပ်ယူထားသည့် ကရင်နီ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်သော ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် တွင်ပါဝင်လက်မှတ်ရေးထိုးရန် တိုက်တွန်းကြောင်း ကယားပြည်နယ်ဝန်ကြီးချုပ်မှ ပြောခဲ့သည်။ (MyanmarTime)

**ဦးယုလွင်အောင်**

ဇွန်လ ၂၅ ရက်နေ့တွင် ကချင်စစ်ဘေးရှောင် ဒုက္ခသည်များ ကြုံတွေ့နေရသည့် အခက်အခဲများကို သမ္မတထံတင်ပြမည်ဟု ဒုက္ခသည် စခန်း များသို့ သွားရောက်လေ့လာခဲ့သည့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ပြောရေးဆိုခွင့်ရှိသူဦးယုလွင်အောင်မှ Myanmar Now သတင်း ဌာနသို့ ပြောခဲ့သည်။ (MyanmarNow)

**မန်းဝင်းခိုင်သန်း**

ဇွန်လ ၂၅ ရက်နေ့တွင် ဘေကျင်းမြို့၌ တရုတ်ပြည်ကို ရောက်ရှိနေသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တရုတ်ဒုသမ္မတ Wang Qishan ဝမ်ကျီးရှင်တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် တရုတ် ဒုသမ္မတ ဝမ်မှ နှစ်ပြည်ထောင်အကြား အစဉ်အလာရှိခဲ့သည့် ချစ်ကြည်မှု ကို ဆက်လက်ထိမ်းသိမ်းမည်ဖြစ်ကြောင်း ပြောခဲ့ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းမှ တရုတ်ပြည်၏ ကူညီပံ့ပိုး မှုများအတွက် ကျေးဇူးတင်ကြောင်းနှင့် ကဏ္ဍပေါင်းစုံမှာ ပိုမို ပူးပေါင်းဆောင်ရွက်ဖို့ မျှော်လင့်ကြောင်း ပြောခဲ့သည်။ (RFA)

**ဆလိုင်းလျန်မှုန်း**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံ(တတိယအစည်းအဝေး)တွင် လုံခြုံရေးကဏ္ဍကို ထည့်သွင်းဆွေးနွေးမည် ဖြစ်ကြောင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း NCA-S EAO မှ ဒေါက်တာဆလိုင်းလျန်မှုန်း ဆာခေါင်က ပြောခဲ့သည်။ (MonNew)

အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်နှင့် နိုင်ငံရေးပါတီကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးမှု များပြုလုပ်ပြီး ဇူလိုင် ၁၁ ရက်တွင် နေပြည်တော်၌ စတင်ပြုလုပ်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံတတိယအကြိမ် အစည်းအဝေးတွင် တစ်ဆို့မှုဖြစ်နိုင် မည့်ကိစ္စများကို မဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြောင်း တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းမှ ဇွန်လ ၂၆ ရက် နေ့ တွင် ပြောခဲ့သည်။ (MyanmarTime)

**ဦးခင်မောင်မြင့်**

ကချင်ပြည်နယ် တနိုင်းမြို့ရှိ စစ်ဘေးရှောင်ပြည်သူများ၏ စားနပ်ရိက္ခာအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကျပ်သိန်းနစ်ရာကျော် ထောက်ပံ့ကြောင်း ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စား လှယ်များမှ ပြောခဲ့သည်။ တနိုင်းမြို့ရှိ ကယ်ဆယ်ရေး စခန်းလေးခုမှ တိုက်ပွဲရှောင်ပြည် သူ အိမ်ထောင်စုသုံးရာကျော်အတွက် လူကယ်ပြန် ဝန်ကြီးဌာနမှ ကျပ် ၁၇၄ သိန်းကျော်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကျပ် ၄၇ သိန်းကျော် ထောက်ပံ့ကူညီခဲ့ကြောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့်မှ ပြောခဲ့သည်။ (7Day)

**MNHRC**

မေလ အတွင်း တာမွေအဝိုင်းအနီး စစ်ပွဲများရပ်တန့်ရေး ဆန္ဒဖော်ထုတ်ခဲ့ကြသူများကို တရားဝင် တာဝန်ပေးအပ်မှုမရှိပဲ တန်ပြန်ဆန္ဒပြ သူများ၊ အရပ်ဝတ်ဖြင့် ဝင်ရောက်စွက်ဖက် ဖမ်းဆီးခဲ့သူများ အနက် ၈ ဦးကို ဗဟန်းမြို့နယ်တရားရုံးမှ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၂ နှင့်အညီ ချမှတ်ခဲ့သောအမိန့်အရ ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဆောင်ရွက် ချက်များနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် တစောင်အား ဇွန်လ ၂၇ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။(Popular)

**ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ**

ဇွန်လ ၂၇ ရက်နေ့တွင် ပြုလုပ်သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ၃၈ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အထူးကိုယ်စားလှယ် ယန်ဟီးလီမှ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရိုဟင်ဂျာမွတ်ဆလင်တွေ၏ အခွင့်အရေးကို ကန့်သတ်ချုံးဖောက်ထားတဲ့စနစ်ကို ဖျက်သိမ်းပြီး သူတို့ကို နိုင်ငံသားဖြစ်ခွင့်နှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်များ ပြန်ပေးရန် တောင်းဆိုခဲ့သည်။ (RFA) (VOA)

**ဦးကျော်စွာမင်း**

ဇွန် ၂၇ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဇွန် ၂၈ရက် တွင် တွေ့ဆုံမည်ဖြစ်ကြောင်း သတင်းမီဒီယာကောင်စီ တွဲဘက်အတွင်းရေးမှူး ဦးကျော်စွာမင်းမှ မြန်မာတိုင်းမ်နေ့စဉ်သတင်းဌာနသို့ပြော ခဲ့သည်။ "အဓိကကတော့ တွေ့ရင် ဘာတွေဆွေးနွေးမယ်ဆိုတာကိုတော့ ကျွန်တော်တို့ဘက်က ကြိုတင် စီစဉ်ထားတာ မရှိပါဘူး။ တပ်မတော်နဲ့ သတင်းမီဒီယာအကြား ဆက်ဆံရေးပိုကောင်းအောင် လုပ်ဖို့ အခုလိုတွေ့ဆုံတာပါ " ဟုဦးကျော်စွာမင်းမှ ပြောခဲ့သည်။ (MyanmarTime)

# ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း
## အတွဲ(၂)၊ အမှတ်(၁၀)၊ ဇွန် ၂၀၁၈

### ဦးစိုင်းဝမ်းလှိုင်

ရှမ်းပြည်နယ် အတွင်း မူးယစ်ဆေးဝါး သတင်းပေးသူများအတွက် လုံခြုံရေး အထူး လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကား သူများသည် လက်နက်များရှိနေသည့်အတွက် စိုးရိမ်စရာများစွာရှိကြောင်း ရှမ်းပြည်နယ် လားရှိုးခရိုင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စိုင်းဝမ်းလှိုင်းခမ်းမှ ပြောခဲ့သည်။ **" တိုင်းရင်းသားဒေသတွေမှာ အလုပ်မဖြစ်ဘူးလို့ ကျနော် ထင်တယ်။ တိုင်ကြားဖို့ဆိုတာ သတင်း အတိအကျ သိရှိပြီးမှ တိုင်ဖို့က မလွယ်တဲ့ကိစ္စ။ နောက် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားတဲ့ လူတွေက လည်း သူတို့ဒီတိုင်း ရိုးရိုးနဲ့ ရောင်းဝယ်နေကြတာ မဟုတ်ဘူး။ သူတို့ က ငွေရေး ကြေးရေး လက်နက်တွေနဲ့ဆိုတော့ တိုင်ကြားတဲ့ သူအတွက် စိုးရိမ်စရာဖြစ်ပါတယ်"** ဟု စိုင်းဝမ်းလှိုင်းခမ်း မှပြောသည်။ (Shan New)

### တိုင်းရင်းသားပါတီများ

- **AMDP-MNP**

ဇွန်လ ၁၈ ရက်နေ့တွင် မော်လမြိုင်မြို့၌ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ AMDP ဗဟိုဌာနချုပ်ရုံး၌ AMDP ဒုဥက္ကဌ(၁) နိုင်တင်အောင် နှင့် မွန်အမျိုးသားပါတီ MNP ဒုဥက္ကဌ(၂) နိုင်ချမ်းတွဲ့တို့ ခေါင်းဆောင်၍ တဖက် ၅ ဦးစီပါဝင်သော ပါတီ ထိပ်ပိုင်းခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲတွင် နှစ်ပါတီပူးပေါင်းရေးအတွက် အဓိကအချက် ၅ ချက်ကို သဘောတူညီဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့ ကြောင်း MNP အထွေထွေအတွင်းရေးမှူး နိုင်လယီတမမှပြောခဲ့သည်။ (MonNew)

- **AMDP**

ဇွန်လ ၁၉ ရက်နေ့တွင် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ AMDP ၏ ဗဟိုအလုပ်အမှုဆောင် အရေးပေါ်အစည်းအဝေး ကိုပြုလုပ်ခဲ့သည်။ (MonNew)

### အခြား

### မွန် (ငြိမ်းချမ်းရေးလူထုအသံ) စကားဝိုင်း

ဇွန်လ ၁၇ ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့ရှိ မွန်ဓမ္မာရုံ၌ ပြုလုပ်မည့် မွန်ပြည်သစ်ပါတီ ဒုဥက္ကဋ္ဌ နိုင်ဟံသာ၊ မွန်အမျိုးသားပါတီ ဗဟို အလုပ်အမှုဆောင်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး မင်းကျော်ဇေယျာဦး၊ နိုင်ငံရေး လေ့လာသုံးသပ်သူ စာရေးဆရာ နောင်ကျော်၊ တကောင်းနိုင်ငံရေးလေ့လာမှု အရပ်ဘက်အဖွဲ့အစည်းမှ ဦးရဲမျိုးဟိန်းတို့ ပါဝင်ဆွေးနွေးမည့် 'ငြိမ်းချမ်းရေးသို့ လူထုအသံ' စကားဝိုင်းကိုမိုးရွာ၍ ရေကြီးမှုကြောင့် ဖျက်သိမ်းခဲ့ရသည်ဟု မင်းအောင်ထူးမှပြောသည်။ (7Day)

ဇွန်လ ၁၇ ရက်နေ့တွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် အထက်တန်းကျောင်းရှိ ရွှေလီခန်းမဆောင်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်ပြီး လူငယ်နှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကား ဝိုင်းကို ပြုလုပ်ခဲ့သည်။ (Marnagar)

**ဘာသာပေါင်းစုံ**

ဇွန်လ ၁၇ ရက်နေ့တွင် တနင်္သာရီတိုင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဘာသာ ပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့၊ မြိတ်ခရိုင် ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများ တွေ့ဆုံ၍ ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရေး၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘာသာရေးဆိုင်ရာ မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေး အတွက်ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ (MOI)

**တပ်အပြောင်းအရွှေ့**

ဇွန်လ ၁၈ ရက်နေ့တွင် ပြုလုပ်ခဲ့သော ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး၌ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး  အဖြစ် တပ်မ ၆၆မှ ဗိုလ်ချုပ်ကြီးလှဦးအား ခန့်အပ်ခဲ့သည်။ ယခင် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင်အား တပ်မမှူးအဖြစ် ရာထူးတိုးပြီး စစ်ကိုင်းသို့ ရွှေပြောင်းခဲ့ရသည်။ (ShanNew)

**အမျိုးသားလွှတ်တော် အစည်းအဝေး**

ဇွန်လ ၂၀ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားလွှတ်တော် အဌမပုံမှန် အစည်းအဝေးတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ တင်သွင်းခဲ့သော အဆိုများ၊ မေးခွန်းများနှင့် ပတ်သက်သည့် အစီရင်ခံစာတွင် ပါရှိခဲ့သည့် အကြောင်းအရာသုံးချက်နှင့် ပတ်သက်ပြီးတပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦးမှ  ပျောက်ကွယ်လုနီးပါးဖြစ်သော ဆလုံ တိုင်းရင်းသားများ အတွက် အချက် (၃)ချက်ပါရှိသော အာမ၊ ကတိ ကော်မတီမှ တင်သွင်းသော အစီရင်ခံစာသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီကြောင်းပြောသည်။ (Mizzima)

**ဒေါက်တာအေးမောင်၊ စာရေးဆရာ ဝေဟင်အောင် ရုံးချိန်း**

ဇွန်လ ၂၀ ရက်နေ့တွင် မတရားအသင်းဆက်သွယ်မှု၊ နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ နိုင်ငံတော်ပုန်ကန်မှု စသည့်အမှုများ ဖြင့် ဖမ်းဆီးခံရသည့် ဒေါက်တာအေးမောင်နှင့် စာရေးဆရာဝေဟင်အောင်တို့ အမှုကို စစ်တွေမြို့နယ်တရားရုံးနှင့် ခရိုင်တရား ရုံးတို့တွင် ခွဲပြီးမစစ်ဆေးပဲ စစ်တွေခရိုင်တရားရုံး တစ်ခုတည်းတွင်သာ စစ်ဆေးရန် တရားရုံးမှအမိန့်ချခဲ့သည်။ (BBC) (RFA) (Narinjara)

**Wall Street Journal**

ဇွန်လ ၂၂ ရက်နေ့ထုတ် The Wall Street Journal တွင် ရိုဟင်ဂျာမှုဆလင်တွေကို အစုလိုက်အပြုံလိုက် တဘက်နိုင်ငံ ဘင်္ဂလားဒေ့ရှ် ဘက် ထွက်ပြေးရအောင်လုပ်ဆောင်ခဲ့မှုနှင့် မြန်မာစစ်တပ်နှင့်နယ်ခြားစောင့်ရဲတပ်ဖွဲ့ အရာရှိ စုစုပေါင်း ၇ ဦးကို အရေးယူဒဏ်ခတ်ဖို့ ဥရောပသမဂ္ဂမှ စီစဉ်နေသည်ဟု သတင်းဖော်ပြခဲ့သည်။ (VOA)

**MNP**

ဇွန်လ ၂၂ ရက်နေ့တွင် မွန်အမျိုးသားပါတီ MNP ပါတီဆိုင်းဘုတ်ဖျက်စီးမှုဖြင့် ကျိုက်မရောမြို့နယ် တရားရုံးတွင် စွပ်စွဲခံရသူ ပါတီဝင် ဟောင်း ၃ ဦးအား ရုံးထုတ်စစ်ဆေးခဲ့သည်။ (MonNew)

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်လူငယ်များ၏ အခန်းကဏ္ဍ**

ဇွန်လ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ Orchid ဟိုတယ်တွင် ပြုလုပ်သည့် အမျိုးသားပြန်လည်သင့် မြတ်ရေးနှင့်လူငယ်များ၏ အခန်းကဏ္ဍ ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် ပင်လုံညီလာခံအစည်း အဝေးများသည် အပစ်အခတ်ရပ်စဲရေးနှင့် အမျိုးသားပြန်လည်ရင် ကြားစေ့ရေးအတွက် အမှန်တကယ် ထိရောက်မှုရှိ၊ မရှိ နိုင်ငံရေးလှုပ်ရှားသူများမှ မေးထုတ်ခဲ့သည်။ ဆွေးနွေးပွဲ၌ ဦးမြင့်အေး (ဖက်ဒရယ်

ဒီမိုကရက်တစ် အင်အားစု)၊ ဦးစိုင်းညွန့်လွင်(ရှမ်း တိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ် အထွေထွေအတွင်းရေး မှူး)၊ ဦးအောင်မိုးဇော် (လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ) နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုးတို့ တက်ရောက်ဆွေးနွေးခဲ့သည်။ (7Day)

**JMC- iPACE**

ဇွန်လ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား လေ့လာရန်အတွက် iPACE (Institute for Political and Civic Engagement) သင်တန်းသားများသည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U) အတွင်းရေးမှူးများ၊ နည်းပညာအထောက်အကူပြုရုံးအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ JMC-U အတွင်းရေး မှူးများ၊ နည်းပညာ အထောက်အကူပြု ရုံးအဖွဲ့ တာဝန်ရှိသူများ၊ iPACE သင်တန်းမှ သင်တန်းဆရာများနှင့် သင်တန်းသား စုစုပေါင်း (၁၈) ဦးတို့ တက်ရောက်ခဲ့သည်။ (JMC)

**ငြိမ်းစုစီ**

ဇွန်လ ၂၇ ရက်နေ့တွင် မန္တလေး အောင်မြေသာစံမြို့နယ်တရားရုံး၌ တိုင်းရင်းသားဒေသများတွင် ထိုးစပ်တွေ့ရပ်ဆိုင်းရေး နှင့် စစ်ပွဲအတွင်း ပိတ်မိနေသူများ အမြန်ဆုံးလွှတ်ပေးရေး တောင်းဆိုလှုပ်ရှားခဲ့မှုဖြင့် ငြိမ်းစုစီဥပဒေနှင့်တရားစွဲခံထားရသူ ဗကသဗဟိုကော်မတီဟောင်း ကိုသန်းထိုက် နှင့် အဖွဲ့ဝင်ကိုနှင်းအောင်တို့ကို ရုံးထုတ်စစ်ဆေးခဲ့သည်။ ရုံးထုတ်တွင် ဇွန်လ ၂၇ ရက်တွင် အပြီးသတ်အမိန့်ချရန် အောင်မြေသာစံမြို့နယ် တရားရုံးမှ ချိန်းဆိုထားသော်လည်း အမိန့်မချဖြစ်ဘဲ ဇူလိုင်လ ၅ ရက်သို့ ထပ်မံချိန်းဆိုခဲ့သည်။ (Popular) (Irrawaddy) (Mizzima)

## နိုင်ငံတကာဆက်ဆံရေး

ဇွန်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကာကွယ်ရေး ဦးစီးချုပ် မင်းအောင်လှိုင်နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ် Ms. Christine Schraner Burgener တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် မြန်မာ နိုင်ငံသည် ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံခြားရေးမူဝါဒသည်လည်း နိုင်ငံ အားလုံး နှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးပင် ဖြစ်ကြောင်း။ ကုလသမဂ္ဂ၏ ရပ်တည်ချက်များအပေါ် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံငယ်များမှ ယုံကြည်မှုရှိရန် လိုအပ်နေကြောင်း၊ အပြုသဘောဆောင်သည့် ကူညီ ဆောင်ရွက်မှုများ ဖြစ်စေလိုကြောင်းဖြင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ပြောခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲ ရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ် ကြီး မြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့ပြီး ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အတူ တောင်အာရှနှင့် အရှေ့ တောင် အာရှဆိုင်ရာ အဖွဲ့ အကြီးအကဲ Mr. Shin Umezu နှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့သည်။ (Military) (7Day) (Mizzima) (BBC) (MyanmarNow)

ဇွန် ၁၄ ရက်နေ့တွင် ရန်ကုန်မြို့အမေရိကန်စင်တာ၌ အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီ အာရှရေးရာအကြီးတန်း ဒါရိုက်တာ မက်ပေါ့တင်းဂျာမှ သတင်းထောက်များနှင့် တွေ့ဆုံရာ၌ မြန်မာနိုင်ငံရေးအနေအထားကို အမေရိကန်လွှတ်တော် အသိုင်းအဝိုင်းမှ ကိုယ်စားလှယ်အချို့က စိုးရိမ်မှုများရှိနေပြီး မြန်မာနိုင်ငံနှင့်ပူးပေါင်းကာ ဒီမိုကရေစီအသွင်ကူး ပြောင်းရေး တွင် ထောက်ပံ့ ကူညီမှုများပေးနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး နိုင်ငံတွင်းရှိ လူနည်းစု အခွင့်အရေးများ ဖြေရှင်းမှုများတွင် အစိုးရအနေနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရေးအတွက် ဖိအားပေး ပြောဆိုမှုများလည်း ရှိခဲ့သည်။ (MyanmarTime) (USembassyInBurma)

ဇွန်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) ဖိတ်ကြားချက်အရ ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန်နှင့် ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ထွက် ခွာခဲ့သည်။ ခရီးစဉ်တွင်သမ္မတ၏ ဇနီးဖြစ်သူ ဒေါ်ချိုချိုနှင့် အတူ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ လိုက်ပါခဲ့သည်။ နေ့လည်ပိုင်းတွင် ထိုင်းအာဏာသိမ်း အစိုးရအဖွဲ့ အကြီးအကဲဖြစ်သူ ဝန်ကြီးချုပ်

ပရာယွတ်ချန်အိုချားနဲ့ ဘန်ကောက်မြို့က အစိုးရအိမ်တော်တွင် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ဆွေးနွေးပွဲတွင် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ထိုင်းရောက် မြန်မာ အလုပ်သမားများ တရားဝင် အလုပ်လုပ်ကိုင်ခွင့် ရရှိရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ဂိတ်များ အဆင့်မြှင့်တင်ရေး၊ ထိုင်းရောက် နေရပ်စွန့်ခွာသူများ မြန်မာသို့ ပြန်လည်လာရောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး စသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

(MyanmarTime) (Mizzima) (RFA) (Myanmar President Office) (7Day)

ဇွန်လ ၁၄ ရက်နေ့တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူး ကြီး မင်းအောင်လှိုင်နှင့် ဗိုလ်ချုပ်ကြီး ဝေ့ဖုန်းဟော်အား တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ပူပေါင်း ဆောင်ရွက်ရေးနှင့် ပတ်သတ်သော ကိစ္စများအား ဆွေးနွေးခဲ့သည်။ (7Day)

ဇွန်လ ၁၅ ရက်နေ့ နေ့လည် ၁၂ နာရီခွဲတွင် ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် အမေရိကန်ပြည်ထောင်စု၊ အိမ်ဖြူတော်ဆိုင်ရာ အမျိုးသား လုံခြုံရေးကောင်စီ၊ အာရှရေးရာ အကြီးတန်း ညွှန်ကြားရေးမှူး Mr. Matt Pottinger အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်ရေးနှင့် ရခိုင်ပြည်နယ် အရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ (MOI)

ဇွန်လ ၁၅ ရက်နေ့ နေ့လည်ပိုင်းတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင် အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေး ဝန်ကြီးဖြစ်သူ General Wei Fenghe ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့မှ နေပြည်တော်ရှိ သူရဲကောင်းဗိမာန်သို့ သွားရောက်ခဲ့သည်။ ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှဂုဏ်ပြုညစာဖြင့် ဧည့်ခံခဲ့သည်။ ညစာ စားပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကာကွယ် ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ် ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိ ကြီးများတက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံ၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေး ဝန်ကြီးဖြစ်သူနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Hong Liang ၊ တရုတ်ပြည်သူ့တပ်မတော်မှ Lieutenant General Peng Bo နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ နိုင်ငံဆိုင်ရာ စစ်သံမှူးတို့ တက်ရောက်ခဲ့သည်။ (Military) (Military)

ဇွန်လ ၁၅ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် ACMECS CEO Forum "Connecting our Future:Enhancing ACMECS Cooperation and Integration" ဖွင့်ပွဲသို့နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်တက်ရောက်၍ မိန့်ခွန်းပြောခဲ့သည်။ ဖွင့်ပွဲ အခမ်းအနားသို့ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု နှင့်ဇနီး၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)နှင့်ဇနီး၊ကမ္ဘောဒီယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆန်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာထောင်လွန်းဆီဆုလစ်နှင့်ဇနီး၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအို နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ ACMECS အဖွဲ့ဝင်များနိုင်ငံများမှ အမှုဆောင်အရာ ရှိချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (President Office) (President Office)

ဇွန်လ ၁၅ ရက်နေ့ နေ့လည်ပိုင်းတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင် အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေး ဝန်ကြီးဖြစ်သူ General Wei Fenghe ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့မှ နေပြည်တော်ရှိ သူရဲကောင်းဗိမာန်သို့ သွားရောက်ခဲ့သည်။ ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှဂုဏ်ပြုညစာဖြင့် ဧည့်ခံခဲ့သည်။ ညစာ စားပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကာကွယ် ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ် ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိ ကြီးများတက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံ၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့်

ကာကွယ်ရေးဝန်ကြီးဖြစ်သူနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Hong Liang ၊ တရုတ်ပြည်သူ့တပ်မတော်မှ Lieutenant General Peng Bo နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စစ်သံမှူးတို့ တက်ရောက်ခဲ့သည်။ (Military) (Military)

ဇွန်လ ၁၅ ရက်နေ့တွင် သမ္မတအိမ်တော်၊ သံတမန်ဆောင် ဧည့်ခန်းမ၌ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်နိုင်ငံ ဗဟိုစစ် ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဝေ့ဖုန်းဟော်တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံ ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခြေအနေများနှင့် ရခိုင်ပြည်နယ်အရေး ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။ (7Day) (ScOffice)

ဇွန်လ ၁၅ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် သမ္မတအိမ်တော်၊ သံတမန်ဆောင် ဧည့်ခန်းမ၌ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တီမော လက်စ်တေ သမ္မတနိုင်ငံ သမ္မတဟောင်းနိဗယ်ဆုရှင်ဝါရင့်ဝန်ကြီးနှင့် အမျိုးသား လုံခြုံရေးဆိုင်ရာအကြံပေး ပုဂ္ဂိုလ် မစ္စတာ ဟိုဆေးရာမို့စ်ဟော်တာ (Jose Ramos-Horta) တွေ့ဆုံစဉ် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း UEHRD ဖြင့် လူသားချင်းစာနာသည့် အကူအညီများထောက်ပံ့ရေး ဒုက္ခသည်များ ပြည်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည် ထူထောင်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေး၊ နိုင်ငံသား စိစစ်ရေး တို့နှင့် ပတ်သတ်သည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။ (TheVoice) (7Day) (ScOffice)

ဇွန်လ ၁၅ ရက်နေ့တွင် သမ္မတအိမ်တော်၊ သံတမန်ဆောင် ဧည့်ခန်းမ၌ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန် ပြည်ထောင်စု အိမ်ဖြူတော်ဆိုင်ရာအမျိုးသား လုံခြုံရေး ကောင်စီ၊ အာရှရေးရာ အကြီးတန်းညွှန်ကြားရေးမှူး Mr. Matt Pottinger တွေ့ဆုံခဲ့ပြီး ရခိုင်ပြည်နယ် မြောက်ပိုင်း ကိစ္စများ၊ နှစ်နိုင်ငံဆက်ဆံရေး ကိစ္စများ နှင့် ငြိမ်းချမ်ရေးဖြစ်စဉ်အကြောင်းတို့ ဆွေးနွေးခဲ့သည်။ (SCoffice)

တရုတ်နိုင်ငံနယ်စပ်ရှိ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ထိန်းချုပ်ဒေသများမှ စစ်ဘေးရှောင် စခန်းများသို့ လူသားခြင်း စာနာမှု အကူအညီများ ဆက်လက်ပေးပို့လျှင် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော် (KBC) အဖွဲ့ဝင်များကို တရားစွဲဆိုမည် ဟု ကချင်ပြည်နယ် မြို့တော် မြစ်ကြီးနားအခြေစိုက်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်မှ ထုတ်ပြန်သည့်စာတွင် ဖော်ပြထားသည်ဟု မြစ်ကြီးနားမြို့ KBC အဖွဲ့ချုပ်က ဒေါက်တာဆမ်ဆွန်မှပြောခဲ့သည်။ (Irrawaddy) (RFA) (IrrawaddyEng)

ဇွန်လ ၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်မြေပုံနှင့် စစ်တွေရှိ ဒုက္ခသည်စခန်းအချို့သို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စစ်ခရစ္စတင်းရှယန်နာဘာဂီနာမှ သွားရောက်လေ့လာခဲ့သည်။ ထို့ပြင် ရခိုင်ပြည် နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်လည်း တွေ့ဆုံခဲ့သည်။ (7Day)

ဇွန်လ ၁၃ ရက်နေ့တွင် နေပြည်တော်၌ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စစ်ခရစ္စတင်းရှယန်နာဘာဂီနာနှင့်တွေ့ဆုံခဲ့ပြီး ရခိုင်ပြည်နယ် အရေးကိစ္စ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရေးတို့ ဆွေးနွေးခဲ့သည်။ (7day) (MyanmarNow) (BBC) (RFA)

ဇွန်လ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ် ကြီးရာပြည့်နှင့် ကော်မတီ အဖွဲ့ဝင်များအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူ Ms. Christine Schraner Burgener ဦးဆောင်သာ UN ကိုယ်စားလှယ်အဖွဲ့မှ လာရောက်တွေ့ဆုံခဲ့သည်။ တွေ့ဆုံခဲ့ရာတွင် JMC-U ဘက်မှ အပစ်အခတ် ရပ်စဲမှု လေ့လာစောင့်ကြည့်ရေးလုပ်ငန်းစဉ်များအကြောင်းဆွေးနွေးခဲ့ပြီး Christine မှ JMC လုပ်ငန်းစဉ်များအား အသိအမှတ်ပြုကြောင်းနှင့် ဆက်လက်ပံ့ပိုးသွားမည့်အကြောင်းတို့အား ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ JMC-U ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ (၂) နှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ နည်းပညာအထောက် အကူပြုရုံးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အတူ အဖွဲ့ဝင် (၃) ဦးတို့ တက်ရောက်ခဲ့သည်။ (JMC)

ဇွန်လ ၂၀ ရက်နေ့ နေ့လည် ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ပြည်ပမှ အမုန်းပွားစေသည့် သဘောထားအမြင်များကြောင့် ရခိုင်ပြည်နယ်မှ အသိုင်းအဝိုင်း နှစ်ခုအကြား

ပိုမိုကွဲပြားစေကြောင်း၊ ဒီအသိုင်းအဝိုင်းနှစ်ခုအကြား ယုံကြည်မှုပြန်လည်တည်ဆောက်ရေးအတွက် သည်းခံမှုနှင့် အချိန်ယူ ကြိုးပမ်းရမှာဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ ပြောခဲ့ပြီး ကုလသမဂ္ဂအထူးကိုယ်စားလှယ်က ထွက်ပြေးသွားတဲ့ ရိုဟင်ဂျာ မွတ်ဆလင် ဒုက္ခသည်များ ပြန်လည်လက်ခံရေး ဆောင်ရွက်ချက်များနှင့် ရခိုင်ပြည်နယ်ကိစ္စ သိမ်မွေ့နက်နဲ ရှုပ်ထွေးမှုများကို အသိအမှတ်ပြုကြောင်း၊ ထွက်ပြေးသွားရသူများ ပြန်လာရေးအတွက် သင့်လျော်ကောင်းမွန်သည့်အခြေအနေ ဖန်တီးပေးရန်၊ လွတ်လပ်စွာသွားလာနိုင်ရန်နှင့် လုံခြုံရေးလိုအပ်ချက်၊ ကုလသမဂ္ဂနှင့်သဘောတူစာချွန်လွှာ အလျင်အမြန် အကောင်ထည်ဖော်ရေးတို့ကို ပြောခဲ့သည်။ ထို့အတူ နေ့လည် ၃ နာရီ ၄၅ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပကော်မရှင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အာရှ၊ အာရှအလယ်ပိုင်း၊ အရှေ့အလယ်ပိုင်း နှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Pierre Amilhat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံခဲ့သည်။ (MOI) (ScOffice) (Popular) (7Day) (RFA)

ဇွန်လ ၂၀ ရက်နေ့ နေ့လည် ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင် စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ဥရောပကော်မရှင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ၏ အာရှ၊ အလယ်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Pierre Amilhat နှင့် အရှေ့တောင် အာရှနှင့် ပစိဖိတ်ဒေသဌာနမှူး Mr. Jean Louis Villeနှင့်အဖွဲ့တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရအဖွဲ့ အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက် နေသည့် အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရနှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်နေမှု အခြေ အနေများ၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများ အတွက် ပညာရေးဝန်ကြီးဌာန၏ မူဝါဒအတိုင်း ပညာသင်ကြား ပေးနေမှု အခြေအနေများ၊ နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြည်တွင်း ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ထိုင်း-မြန်မာနယ်စပ်ရှိ နေရပ်စွန့်ခွာဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသား များ အား ပြန်လည်လက်ခံ နေရာချထား ရေးဆိုင်ရာ ကိစ္စရပ်များ၊ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချ ထားပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥရောပသမဂ္ဂက မြန်မာနိုင်ငံ ပညာရေးကဏ္ဍ ပိုမိုတိုးတက်မြင့်မား လာအောင် အထောက် အပံ့ပေးဆောင်ရွက်မည့် အခြေအနေများ၊ နယ်စပ်ရေးရာ ဝန်ကြီး ဌာနနှင့် ဥရောပသမဂ္ဂတို့ ရေ့ဆက်လက်ပူးပေါင်းဆောင် ရွက်နိုင်မည့် အခြေအနေများအား ဆွေးနွေးခဲ့သည်။ (MOI)

ဇွန်လ ၂၁ ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် နော်ဝေနိုင်ငံတွင် ပြုလုပ်သည့် ၁၆ ကြိမ်မြောက် အော်စလိုဖိုရမ်သို့ တက်ရောက်ဆွေးနွေးခဲ့သည်။ ဖိုရမ်သို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ဆိုမာလီဝန်ကြီးချုပ်၊ ဥရောပ လုံခြုံရေး နှင့် ပူးတွဲဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂနိုင်ငံရေးဌာန လက်ထောက်အတွင်းရေးမှူးချုပ်၊ အယ်လ်ဂျီးရီးယား၊ ဂျော်ဒန်၊ အိုမန်နှင့် တန်ဇန်နီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများတက် ရောက်ခဲ့ပြီး "မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့် မြတ်ရေး လမ်းကြောင်း" စကားဝိုင်း ဆွေးနွေးပွဲတွင် ဦးကျော်တင့်ဆွေသည် နော်ဝေနိုင်ငံခြားရေးဝန်ကြီး နှင့်အတူ ဦးဆောင် ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့သည်။ (ScOffice)

ဇွန်လ ၁၉ ရက်နေ့တွင် ဂျနီဗာမြို့ ၊ ကုလသမဂ္ဂရုံးတွင် ပြုလုပ်သည့် လူ့အခွင့်အရေးကောင်စီ (၃၈) ကြိမ်မြောက် ပုံမှန်အစည်း အဝေး၏ General Debate တွင် လူ့အခွင့်အရေး မဟာမင်းကြီးရုံး အပါအဝင် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းအနေဖြင့် ရခိုင်ဒေသ၏ အခြေအနေကို ရှုမြင်ရာတွင် ပိုမိုဓမ္မဓိဌာန်ကျပြီး ဖြေရှင်းနိုင်မည့် အမြင်ဖြင့်သာ ကြည့်ရှုစေလိုပါကြောင်း မြန်မာနိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ မှပြောခဲ့သည်။ (MyanmarTime) (ElevenEng)

ဇွန်လ ၂၁ ရက်နေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ မြန်မာ - ထိုင်း သံတမန် ဆက်ဆံရေး နှစ်(၇၀) ပြည့် အထိမ်းအမှတ်အဖြစ် ထိုင်းရိုးရာ မျက်နာဖုံးစွပ်အက ဖျော်ဖြေပွဲကိုပြုလုပ်ခဲ့သည်။ ဖျော်ဖြေပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်□ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်း ဝန်များ၊ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီး H.E.Mr.Vira Rojpojchanarat နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ယဉ်ကျေးမှု အနုသုခမကို စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့သည်။ (ScOffice)

ဇွန်လ ၂၅ ရက်နေ့ နံနက်(၁၁) နာရီခွဲတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ် အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ် ဒေသများရှိ တိုင်းရင်းသား လူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက်

အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပြည်တွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည် သင့်မြတ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများစသည်တို့ကိုဆွေးနွေးခဲ့သည်။ (MOI)

ဇွန်လ ၂၅ ရက်နေ့ နံနက် (၁၀)နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန၊ အစည်းအဝေး ခန်းမ၌အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) မှ ဌာနေကိုယ်စားလှယ် Mr. Peter Batchelor နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiisr တို့အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNDP၊ UNHCR တို့အကြား လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့သည့် နားလည်မှုစာချွန်လွှာ အရ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်၊ UNDP နှင့် UNHCR တို့မှ စမ်းသပ် လုပ်ငန်းစီမံချက် ဆောင်ရွက်မည့် နယ်မြေဒေသများ စာရင်းပြုစုပေးနိုင်ရေးနှင့် လုပ်ငန်း လိုအပ်ချက်များ၊ လုပ်ငန်းဆောင်ရွက်မည့် UN မှ ခန့်အပ်ထားသည့် ဝန်ထမ်းများသွားလာ ဆောင်ရွက်မှု လွယ်ကူ အဆင်ပြေ စေရေးအတွက် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ရေး အခြေအနေများ၊ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များ၌ UNDP နှင့် UNHCR တို့မှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းနိုင်ရေး အခြေအနေများ၊ လက်ရှိအခြေအနေအရ ရခိုင်ပြည်နယ် အတွင်း ကျန်ရှိနေသူများ၏ လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် စတင်ဆောင်ရွက်ရန် လိုအပ်မှုနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တိမ်းရှောင်သူများအနေဖြင့် ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင် ဆောင်ရွက်လာရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် သတင်းအချက်အလက် မှန်ကန်စွာ ရရှိရေးအတွက် မျှဝေ ဆောင်ရွက်ပေးနိုင်ရေး အခြေ အနေများ၊ ၁၉၉၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ပြန်လည်လက်ခံရေး လုပ်ငန်းအတွေ့ အကြုံများ အပေါ် အခြေခံ၍ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် လုပ်ငန်းများ အောင်မြင်ရေးအတွက် အားလုံး ပူးပေါင်း ဆောင်ရွက်နိုင်ရေး တို့ဆွေးနွေးခဲ့သည်။ (MOI)

ဇွန်လ ၂၅ ရက်နေ့တွင် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၌ တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် မြန်မာ-ထိုင်းနှစ်နိုင်ငံသည် ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာနှင့် သွင်ပြင်လက္ခဏာများ တူညီမှုရှိပြီး အိမ်နီး ချင်းကောင်း နိုင်ငံများအဖြစ်တည်ရှိနေမှု အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြင့်စသည့်တို့ကိုဆွေးနွေး ခဲ့သည်။တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးမျိုးဇော်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊လေ) ဗိုလ်မှူးချုပ်ခင်ဇော်တို့ တက်ရောက်ကြပြီး ထိုင်း ဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ထိုင်းဘုရင့် တပ်မတော်ပူးတွဲစစ်ဦးစီးချုပ် Gen. Ponpipaat Benyasri နှင့်ထိုင်းဘုရင့် တပ်မတော်မှ အရာရှိကြီးများတက်ရောက်ခဲ့သည်။ (Military)

ဇွန်လ ၂၆ ရက်နေ့နံနက် (၁၀)နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ဌာန၌ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် National Democratic Institute (NDI) ၏ ဥက္ကဋ္ဌ Kenneth Wollack အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် NDI မှ ပို့ချပေးသည့် စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စများနှင့် တရားဥပဒေစိုးမိုးမှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။ (ScOffice) (MOI)

ဇွန်လ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရွှေလီလမ်းရှိ UEHRD နှင့် NRPC ရုံး၌ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာ ချထားရေး ဖွံ့ဖြိုးရေး စီမံကိန်း( UEHRD) ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် UEHRD ရုံး၌ UEHRD ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ UEHRD ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်၊ သတင်းနှင့် ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဦးကျော်မြင့်တို့နှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဆက်စပ်နေသော အကြောင်းအရာများအပြင် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် NRPC ရုံး၌ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌဒေါက်တာတင်မျိုးဝင်းနှင့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ (ScOffice)

## ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း
## အတွဲ(၂)၊ အမှတ်(၁၀)၊ ဇွန် ၂၀၁၈

ဇွန်လ ၂၇ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတ အိမ်တော် ဧည့်ခန်းမ ဆောင်၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အီတလီ သံအမတ်ကြီး H.E. Mr. Pier Giorgio ALIBERTI တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင် နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (MOI)

ဇွန်လ ၂၇ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂၌ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ တတိယ အစည်းအဝေး အတွက် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင် ကဏ္ဍများ၏ လုပ်ငန်းကော်မတီ အလိုက် ဒုတိယနေ့ ဆွေးနွေးပွဲများကို ပြုလုပ်ခဲ့သည်။ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍနှင့် မြေယာနှင့် သဘာဝ ပတ်ဝန်းကျင် ကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲများတွင် ဆွေးနွေးရန် ကျန်ရှိသည့် အဆိုပြုချက်များကို ဆက်လက် ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲများသို့ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲ ကော်မတီ (UPDJC)အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ ဖြစ်သည့် ဒုတိယ ဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးခင်ဇော်ဦး၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ပဒိုစောတာဒိုမူး၊ ဦးမျိုးဝင်း၊ ဦးစိုင်းငင်း၊ စောမြရာဇာလင်း၊ ခွန်မြင့်ထွန်း၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်း၊ စိုင်းကျော်ညွန့်၊ မင်းကျော်ဇေယျဦးနှင့် တာလှဖေ၊ ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် အကျိုးတော် ဆောင်များ တက်ရောက်ခဲ့သည်။ (MOI) (Irrawaddy)

ဇွန်လ ၂၇ ရက်နေ့ ညနေ ၄ နာရီတွင် ဝန်ကြီးဌာန၊ ဧည့်ခန်းမ (၁) ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး H.E. Mr. Manjurul Karim Khan Chowdhury နှင့် အဖွဲ့အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံ ပြည်သူများအတွက် အကျိုးရှိစေမည့် အလားအလာရှိသော ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ နဝမအကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ အစည်းအဝေးအား ယခုနှစ်အတွင်း ကျင်းပသွားရေးစသည်တို့ကိုဆွေးနွေးခဲ့သည်။ (MOI)